ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (5-3-2015) (စ၁၃၅)

မထိတထိနှင့် ဟိုကပွက် ဒီကဆူတာနဲ့ဆိုလျှင် အရေးမယူဘဲ မနေနိုင်ဘူး။ တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေတဲ့အချိန်မှာ ငြိမ်ဝပ်ပိပြားရေးကိစ္စများကို လိုသမျှစီစဉ်လုပ်ကိုင်ထားရမှာပဲ။ အဲဒီလိုအခါမှာ မကျေနပ်လျှင် နည်းလမ်းစည်းကမ်းရှိသမျှ သက်ဆိုင်ရာဌာနများမှတစ်ဆင့် ပြောဆိုလုပ်နိုင်တယ်။ အဲဒီလိုအခွင့်အရေးပေးတိုင်း တောင်းတိုင်း ပေးမယ်မဟုတ်ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများအစည်းအဝေး၌ ပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက်)*

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနဝံ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာ လင်္ကာရက သမ္မောဒနီယသြဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✿**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။** (သတင်းစဉ်)

## အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အကြံပြုလိုသောအချက် (၃) ချက်

စာမျက်နှာ - ၆

## လက်ပံတန်းမြို့တွင် ကျောင်းသားအဖွဲ့များနှင့် ရောက်ရှိပူးပေါင်းနေသည့် အချို့သော သံဃာတော်များအား မေတ္တာရပ်ခံချက်

စာမျက်နှာ - ၇

## ရန်ကုန်မြို့သို့ ဦးတည်ချီတက်ရန်ပြင်ဆင်နေသည့် အနာဂတ်မြန်မာ့မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသို့ မေတ္တာရပ်ခံချက်

စာမျက်နှာ - ၇



## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**ရွှေဖုံးမှ**

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကျိုင်းတုံမြို့ ဓမ္မောဒယ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဇေယျအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်ဆရာတော် ဘဒ္ဒန္တဝိစာရအား ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍေဘာသာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတနှင့်သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး လေးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော်ရရှိကြသူများအား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# အီရန်နှင့်နျူသဘောတူညီချက်ရရှိရေး ဆွေးနွေးမှု အန္တရာယ်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ်သတိပေး



**ဝါရှင်တန် မတ် ၄**
အီရန်နိုင်ငံနှင့် နျူကလီးယား သဘောတူညီချက်ရရှိရန် စေ့စပ်ဆွေးနွေးနေကြခြင်းသည် ယင်းနိုင်ငံအနေဖြင့် အဏုမြူလက်နက်များ ထုတ်လုပ်လာနိုင်စေရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်နိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက အမေရိကန်ကွန်ဂရက် လွှတ်တော်၌ မတ် ၃ ရက်က မိန့်ခွန်းပြောကြားရာတွင် သတိပေးလိုက်သည်။

အီရန်နိုင်ငံသည် အစ္စရေးနိုင်ငံကိုသာမက အရှေ့အလယ်ပိုင်းဒေသနှင့် ကမ္ဘာ့နိုင်ငံများကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယင်းနိုင်ငံနှင့် နျူကလီးယား သဘောတူညီချက်ရရှိရေး ကြိုးပမ်းမှု မပြုသင့်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ၃၉ မိနစ်ကြာ မိန့်ခွန်း ပြောကြားရာတွင် တိုက်တွန်းသည်။**(ယာပုံ)**

အမေရိကန်ကွန်ဂရက်ရှိ လွှတ်တော်နှစ်ရပ်၏ ပူးတွဲအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရန် ရီပတ်ဘလီကန် အောက်လွှတ်တော် ဥက္ကဋ္ဌ ဂျွန်ဘိုနာက နေတန်ယာဟုအား ဖိတ်ကြားခဲ့သည်။ အဆိုပါ ပူးတွဲအစည်းအဝေးကို သမ္မတအိုဘားမား၏ မိတ်သင်္ဂဟ ဒီမိုကရက်အမတ်များ မတက်ရောက်ဘဲ သပိတ်မှောက်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုကမိမိ၏ နိုင်ငံအား စစ်ရေးအရအကူအညီပေးခြင်းနှင့် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်အတွက် ပါဝင်ကူညီခြင်းတို့အတွက် အိုဘားမားအစိုးရအဖွဲ့ကို ကျေးဇူးတင်ရှိကြောင်း နေတန်ယာဟူက မိန့်ခွန်းစတင်ပြောကြားရာတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ မကျင်းပမီ ရက်သတ္တပတ်နှစ်ပတ်အလိုတွင် အမေရိကန် ကွန်ဂရက် လွှတ်တော်တွင် နေတန်ယာဟုမိန့်ခွန်းပြောကြားခြင်းဖြစ်သည်။ သို့ရာတွင် ကွန်ဂရက် လွှတ်တော်တွင် နေတန်ယာဟု မိန့်ခွန်းပြောကြားရေးနှင့် ပတ်သက်၍ အိုဘားမား အစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်းရာတွင် သဘောတူညီခဲ့ကြခြင်း မရှိပေ။

**ပီတီအိုင်။**

# ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်သွားသည့် ဂျပန်စစ်သင်္ဘောကို မိုက်ကရိုဆော့ဖ်ပူးတွဲတည်ထောင်သူ ရှာဖွေတွေ့ရှိ

**တိုကျို မတ် ၄**
မိုက်ကရိုဆော့ဖ်ပူးတွဲတည်ထောင်သူ ပရဟိတအလှူရှင် ပေါလ် အယ်လန်က လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်က ဖိလစ်ပိုင်ကမ်းလွန်တွင် နစ်မြုပ်သွားသည့် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သင်္ဘောတစ်စင်းကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ယခုရှာဖွေတွေ့ရှိသော ကမ္ဘာ့သမိုင်းတွင် အကြီးဆုံးစစ်သင်္ဘောတစ်စင်းဖြစ်သည့် မူဆာရှီစစ်သင်္ဘောမှ အပျက်အစီးများကို ဒုတိယကမ္ဘာစစ်ပြီး နှစ်ပေါင်း ၇၀ ကြာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အယ်လန်၏အက်ဒီလ်မန် အေဂျင်စီက အယ်လန်နှင့် ၎င်း၏ရှာဖွေရေးအဖွဲ့သည် အဆိုပါစစ်သင်္ဘောကို လွန်ခဲ့သည့် ရှစ်နှစ်ကျော်ခန့်ကတည်းက ရှာဖွေမှုများပြုလုပ်ခဲ့ကြသော်လည်း လွန်ခဲ့သည့် သီတင်းပတ်အကုန်ပိုင်းတွင်မှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မတ် ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အယ်လန်က အင်ဂျင်နီယာတစ်ဦးအနေဖြင့် မူဆာရှီစစ်သင်္ဘောရှာဖွေတွေ့ရှိမှုသည် တည်ဆောက်မှုနှင့် နည်းပညာများမှာ အံ့သြဖွယ်ရာ အင်ဂျင်နီယာပညာရပ်ဖြစ်သည်ဟု ပြောကြားသည်။

မူဆာရှီစစ်သင်္ဘောသည် ၁၉၄၄ ခုနှစ် အောက်တိုဘာလ ဆီဘူယန်ပင်လယ်တွင်ဖြစ်ပွားသည့် လိုင်တီစစ်ပွဲတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ပြီး သင်္ဘောအမှုထမ်း ၂၄၀၀ အနက် ထက်ဝက်ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

**အေပီ။**

# တရုတ်ကာကွယ်ရေးဘတ်ဂျက် ၁၀ ရာခိုင်နှုန်း မြှင့်တင်မည်

**ပေကျင်း မတ် ၄**
တရုတ်နိုင်ငံသည် ယခုနှစ်တွင် ကာကွယ်ရေးဘတ်ဂျက်ကို ၁၀ ရာခိုင်နှုန်းခန့်မြှင့်တင်မည်ဖြစ်ကြောင်း ထိပ်တန်း တာဝန်ရှိသူ တစ်ဦးက မတ် ၄ ရက်တွင် ပြောကြားသည်။


တရုတ်နိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်သည် လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဘတ်ဂျက် အတိအကျကို မတ် ၅ ရက်တွင် စတင်မည့် အမျိုးသား ပြည်သူ့ကွန်ဂရက်နှစ်ပတ်လည် အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပါလီမန်ပြောခွင့်ရ ပုဂ္ဂိုလ် ဖုယင်းက သတင်းထောက်များအား ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်သည် လွန်ခဲ့သည့်နှစ်က ၁၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၃၀ ရှိသည်။ ယင်းမှာ ကမ္ဘာပေါ်တွင် အမေရိကန် ပြည်ထောင်စုပြီးလျှင် ဒုတိယ အများဆုံးဖြစ်သည်။

တရုတ်နိုင်ငံက ကာကွယ်ရေးအသုံးစရိတ် မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများမှာ စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အရှေ့ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့တွင် ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ ရှိနေခြင်းကြောင့် ဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် စစ်အင်အားအရ ကွာဟချက်ကြီးမားမှု မရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ၂၀၁၅-၂၀၁၆ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်အတွက် အမေရိကန်ဒေါ်လာဘီလီယံ ၄၀ သုံးစွဲမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

**ပီတီအိုင်။**



# တရားရင်ဆိုင်ရန် အမေရိကန်နိုင်ငံသို့ ပြန်လိုသည့် အက်ဒ်ဝပ်ဆနိုဒင်

**ဝါရှင်တန် မတ် ၄**
အမေရိကန်နိုင်ငံ၏ ထောက်လှမ်းရေးအချက်အလက်များကို ဖွင့်ဟပေါက်ကြားစေခဲ့သည့် အမျိုးသားလုံခြုံရေးအေဂျင်စီမှ အမေရိကန်နိုင်ငံသား အက်ဒ်ဝပ်ဆနိုဒင်သည် အမေရိကန်နိုင်ငံသို့ပြန်လာရန် အမေရိကန်ရှေ့နေများသာမက ဂျာမန်ရှေ့နေများနှင့်ပါ ညှိနှိုင်းဆွေးနွေးနေကြောင်း ဆနိုဒင်၏ရုရှားနိုင်ငံသားရှေ့နေက ဆိုသည်။

အမေရိကန်အနေဖြင့် ဆနိုဒင်နိုင်ငံသို့ပြန်လာမည်ကို ကြိုဆိုပါကြောင်းနှင့်ပြန်လာသည့်အခါ ၎င်းအနေဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ဆိုသည်။

အမေရိကန်ရှေ့နေများက ဆနိုဒင်အား အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ထောက်လှမ်းရေးအချက်အလက်များပေါက်ကြားစေခဲ့သည့်အတွက် တရားရင်ဆိုင်စေချင်သည်။ သို့သော် ရုရှားနိုင်ငံအနေဖြင့် ဆနိုဒင်အား အမေရိကန်နိုင်ငံသို့ပြန်လည် လွှဲပြောင်းပေးအပ်ရန် အကြိမ်ကြိမ်ငြင်းဆန်ခဲ့သည်။

တရားစီရင်သည့်အခါတွင် မျှတမှုရှိမည်ဆိုပါက အမေရိကန် နိုင်ငံသို့ ပြန်လည်လာရောက်မည်ဖြစ်ကြောင်း ဆနိုဒင်က ယခင်ကပြောခဲ့ဖူးကြောင်း သိရသည်။

အချို့က ဆနိုဒင်အား 'လူ့အခွင့်အရေးအတွက်တက်ကြွလှုပ်ရှားသူ' ဟုချီးမွမ်းကြသော်လည်း အချို့က 'သစ္စာဖောက်'ဟု ရှုတ်ချကြသည်။ ဩဂုတ်လမှစပြီးရုရှားနိုင်ငံက ဆနိုဒင်အား နိုင်ငံအတွင်း သုံးနှစ်နေထိုင်ခွင့်ပြုခဲ့သည်။

"ဆနိုဒင် အမေရိကန်ကိုပြန်လာပြီး တရားရင်ဆိုင်သင့်တယ်။ သူ တကယ်ပြန်လာရင် လျှော့ပေါ့မှုတွေရမှာပါ" ဟု အမေရိကန်တရားရေးဌာနပြောရေးဆိုခွင့်ရှိသူ မားရိုင်မွန်ဒီက ဆိုသည်။

**ရိုက်တာ။**



# ပြင်သစ်ပြတိုက်မှ တရုတ်အနုပညာလက်ရာများခိုးယူခြင်းခံရ

**ပါရီ မတ် ၄**
ပြင်သစ်နိုင်ငံ၌ ဖောင်တိန်ဘလူးနန်းတော်အတွင်းသို့ သူခိုးများဝင်ရောက်၍ တရုတ်အနုပညာလက်ရာ ၁၅ ခုကို လျှပ်တစ်ပြက်အတွင်း ခိုးယူသွားခဲ့သည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းနန်းတော်တွင် "ဝကရီ တရုတ်ပြတိုက်" အမည်ဖြင့် ရှေးဟောင်းအနုပညာလက်ရာများ ပြသထားရာ သူခိုးများက ခုနစ်မိနစ်ကျော်အတွင်း လှုပ်ရှားသွားခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ခိုးယူသွားသော အနုပညာလက်ရာများတွင် ၁၈၆၀ ခုနှစ်၌ တတိယမြောက် ဧကရာဇ် နပိုလီယံကို လက်ဆောင်ဆက်သထားသည့် စီယန်ဘုရင်၏သရဖူပုံတူတစ်ခုလည်း ပါဝင်သည်။ သရဖူအစစ်မှာ ယခုအခါ ထိုင်းနိုင်ငံတွင် ရှိသည်။

ပြတိုက်မှ အလှဆုံး ပစ္စည်းများကို ခိုးယူသွားကြခြင်းဖြစ်ကြောင်း ပါရီမြို့မှ မိုင် ၃၀ အကွာရှိ ဖောင်တိန် ဘလူးပြတိုက်ကို ထိန်းသိမ်းစောင့်ရှောက်နေသူ ဂျင်ဖရန်ကို ဟဲဘတ်က ပြောကြားသည်။

၎င်းတို့သည် မည်သည့် ပစ္စည်းကို ခိုးယူမည်ဟု တိတိကျကျသတ်မှတ်ထားသည်ဟု ယူဆရကြောင်း၊ ခိုးယူပုံမှာလည်း ပညာသား ပါလှကြောင်း ၎င်းက ပြောသည်။

၁၂ ရာစုနှစ်မှ စတင်ကာ ပြင်သစ်ဘုရင်များ စိုးစံရာ နန်းတော်သည် ယခုအချိန်တွင် အမျိုးသားပြတိုက်အဖြစ် ရောက်ရှိသွားခဲ့ပြီး ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်အဖြစ်လည်း သတ်မှတ်ထားခြင်းခံရသည်။

တရုတ်ပြတိုက် အဆောက်အအုံများသည် တစ်ချိန်က တတိယမြောက် နပိုလီယံ၏ မိဖုရားဧကရီ ယူဂျင်းပိုင်ဆိုင်ခဲ့သည်။

နန်းတော်ကို သတိပေး ကိရိယာများ၊ ထောက်လှမ်းရေး ကင်မရာများ တပ်ဆင်၍ လုံခြုံရေးအရ အကောင်းဆုံးစီမံထားကြောင်း ပြင်သစ်ယဉ်ကျေးမှု ဝန်ကြီးဌာနက ပြောသည်။

အဆိုပါ ပျောက်ဆုံးမှုကြီးကို စတင်စုံစမ်းစစ်ဆေးလျက်ရှိပြီဟု ဆိုသည်။

**ဘီဘီစီ။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်တော်ရရှိသူနှစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသူနှစ်ဦး၊ ဒုတိယသမ္မတဦးညဏ်ထွန်းက သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသူ တစ်ဦးနှင့် သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသူ တစ်ဦး၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ★



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အကြံပြုလိုသော အချက်(၃)ချက်

**ရန်နိုင်စိုးညွန့်(မဟာဝိဇ္ဇာ)**

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ အကြံပြုချက်များကို ပေးပို့နိုင်ပါကြောင်း ကြေညာချက်ကိုဖတ်ရကတည်းက ပို့သင့်၊ မပို့သင့် အကြိမ်ကြိမ် စဉ်းစားမိခဲ့ပါတယ်။ ကျွန်တော်သည် Education Digest နှင့် Academic Weekly Journal များတွင် ပညာရေးနှင့် ကလေးစိတ်ပညာဆောင်းပါးများကို လွန်ခဲ့သော နှစ်နှစ်ခန့်မှစတင်ကာ ရေးသားလျက်ရှိသူ လူငယ်တက္ကသိုလ်နည်းပြတစ်ဦး ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ခုလုံးအတွက် အရေးပါသော အမျိုးသားပညာရေးဥပဒေကို လက်ရှိ တက္ကသိုလ်နည်းပြ ပေါက်စလေးမျှသာဖြစ်သော ကျွန်တော့်အနေဖြင့် လက်လွှတ်စပယ် မဝေဖန်ရဲပါ။

အမှန်အတိုင်းတင်ပြရလျှင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ဆွေးနွေးပွဲမှတ်တမ်းများကိုလည်းကောင်း၊ အခြားဖွံ့ဖြိုးပြီးနိုင်ငံများမှ ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်သမိုင်းများကိုလည်းကောင်း၊ ပညာရေးသီအိုရီများကိုလည်းကောင်း၊ မီဒီယာများ၊ အင်တာနက်စာမျက်နှာများမှ အသီးသီးဝေဖန်အကြံပြုချက်များကိုလည်းကောင်း အချိန်ယူကာ တတ်စွမ်းသမျှ လေ့လာခဲ့ပါသည်။ မိမိကိုယ်ကို များစွာသင်ယူရဦးမည့် သင်ယူနေသူတစ်ဦးအဖြစ်ထက် ပိုမမြင်ဝံ့ပါ။ သို့သော် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်ပြီး မိမိအယူအဆတစ်ရပ်ကို ရိုကျိုးနှိမ့်ချစွာဖြင့် ပညာရေးကို စိတ်ဝင်စားမြတ်နိုးသူများကို တင်ပြရပါသည်။ အမှန်တွင် ထိုအချက်ကို ပညာရှင် ဆရာကြီး ဆရာမကြီးများက သိပြီးဖြစ်ပါလိမ့်မည်။

မိမိတင်ပြချက်သည် အမျိုးသားပညာရေးဥပဒေဆိုင်ရာဆွေးနွေးမှုအတွက် သဲတစ်ပွင့်စာမျှသာ အထောက်အကူပြုနိုင်လျှင် ကျေနပ်ပါပြီ။ သို့သော် ယခုအခါ အင်တာနက်စာမျက်နှာများ၊ မီဒီယာများတွင် ဆွေးနွေးနေကြသကဲ့သို့ မည်သည်က မှန်သည်၊ မည်သည်ကမှားသည်ဟု အသေးစိတ်ဝေဖန်ခြင်းပြုမည်မဟုတ်ပါ။

လောကတွင် ရေပက်မဝင် ပြီးပြည့်စုံသောဥပဒေ နိုင်ငံတိုင်းတွင် မရှိသေးသကဲ့သို့ အလုံးစုံမှန်ကန်ပြည့်စုံသော သီအိုရီဟူ၍လည်းမရှိသေးပါ။ အားနည်းချက်၊ အားသာချက်ကိုယ်စီ ရှိနေကြသည်သာဖြစ်ပါသည်။ ဥပမာဆိုပြရပါလျှင် **အမေရိကန်ပြည်ထောင်စုရှိ အလယ်တန်းပညာရေး အားနည်းချက်များ၊ တစ်နိုင်ငံလုံးအတွက် စံထားစရာစနစ်တစ်ခုသတ်မှတ်ရေးဆွေးနွေးနေကြသောကိစ္စ၊ ဗြိတိန်အခြေခံပညာကျောင်းသားများအတွက် ပြဿနာတစ်ရပ်ဖြစ်နေသော သင်္ချာစွမ်းရည်နှင့် အဆင့်မြင့်ပညာသင်စရိတ်ဈေးကြီးသည့်ကိစ္စ စသည်ဖြင့် နိုင်ငံတိုင်းသည် ပညာရေးတိုးတက်မှုအတွက် ဆင့်ကာဆင့်ကာကြိုးပမ်းနေကြရပါသေးသည်။ ချို့ယွင်းစရာ၊ အားကျစရာများသာမက သင်ခန်းစာယူစရာအမှားများလည်း ကိုယ်စီရှိနေကြပါသည်။**

ပညာရေးသီအိုရီများစွာရှိရာတွင်လည်း မည်သည့်ပညာရှင်၏ ပညာရေးအယူအဆပင်ဖြစ်စေကာမူ နောက်နောင် ပညာရှင်များက အသစ်သစ်ပိုကောင်းအောင် အဆင့်ဆင့်မွမ်းမံဖြည့်စွက်ကြရသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း အခြားပညာရေးသီအိုရီများကို ပစ်ပယ်မထားကြဘဲ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရသည်သာ ဖြစ်ပါသည်။

**အဓိကတင်ပြလိုသောအချက် (က)**

ဆွေးနွေးသူတစ်ဦးစီသည် မိမိပြောသောအရာတစ်ခုကသာ အမှန်ဖြစ်သည်။ သူတစ်ဖက်သားက ဆွေးနွေးသမျှကို အမှားများသာဖြစ်သည်ဟု သတ်မှတ်မထားသင့်ပါ။ တစ်ဖက်သား၏ ဆွေးနွေးဝေဖန်ချက်များသည် မိမိ၏ အယူအဆ ပိုမိုခိုင်မာပြည့်စုံရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့်အချက်ကို သတိပြုမိစေလိုပါသည်။ ဆွေးနွေးသူများက နှစ်ဖက်ညှိနှိုင်းကာ ဖြစ်နိုင်သမျှ အကောင်းဆုံးပြည့်စုံသောအနေအထားရှိသည့် သမူဟအဆင့်ရောက်အောင် ပူးပေါင်းဆောင်ရွက်သွားသင့်သည်။

**အဓိကတင်ပြလိုသောအချက် (ခ)**

အခြေအနေကောင်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် အခြေခံလိုအပ်ချက်များကို လျစ်လျူရှုထားပါက ရည်မှန်းချက်များ ပြည့်စုံအောင်မြင်နိုင်မည်မဟုတ်ပါ။

**အဓိကတင်ပြလိုသောအချက် (ဂ)**

ပညာရေးအတွက် ဆွေးနွေးသူအားလုံးသည် တစ်ဖက်နှင့်တစ်ဖက် အပြစ်ပြောဆိုခြင်း၊ တန်ဖိုးမထား ပစ်ပယ်ခြင်းမပြုဖို့ အလွန်အရေးကြီးပါသည်။

**အမျိုးသားပညာရေးဥပဒေအတွက် ဆွေးနွေးခြင်းသည် အသင်းနှစ်သင်း အနိုင်လုကြရမည့် ပြိုင်ပွဲမဟုတ်ဘဲ ချစ်ကြည်ရင်းနှီးပွင့်လင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုအသီးအပွင့်များကို အတူတူခံစားရမည့် အနာဂတ်စံနမူနာတစ်ခုဖြစ်သင့်**ပါကြောင်း ရိုကျိုးစွာဖြင့် တင်ပြအပ်ပါသည်ခင်ဗျား။ ။

**အမျိုးသားပညာရေးဥပဒေအတွက် ဆွေးနွေးခြင်းသည် အသင်းနှစ်သင်း အနိုင်လုကြရမည့် ပြိုင်ပွဲမဟုတ်ဘဲ ချစ်ကြည်ရင်းနှီးပွင့်လင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုအသီးအပွင့်များကို အတူတူခံစားရမည့် အနာဂတ်စံနမူနာတစ်ခုဖြစ်သင့်**

# လက်ပံတန်းမြို့တွင် ထိုင်သပိတ်ပြုလုပ်နေသောအဖွဲ့အား NNER မှ ဒေါက်တာသိန်းလွင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၄**

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းတော်ကြီးကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံလမ်းဆုံတွင် ယမန်နေ့က ထိုင်သပိတ်ပြုလုပ်နေသော သပိတ်စစ်ကြောင်းအဖွဲ့သည် ယနေ့အထိ ဆက်လက်ပြုလုပ်လျက်ရှိရာ အဆိုပါ သပိတ်စစ်ကြောင်းအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က လူစုခွဲရန် ကြေညာသော်လည်း ဆက်လက်ဆန္ဒထုတ်ဖော်လျက်ရှိသည်။

အဆိုပါ သပိတ်စစ်ကြောင်းအဖွဲ့ထံသို့ NNER မှ ဒေါက်တာသိန်းလွင်နှင့် ဒေါက်တာကျော်သူတို့ပါဝင်သော ၁၀ ဦးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဒေါက်တာသိန်းလွင်နှင့် အဖွဲ့သည် သပိတ်စစ်ကြောင်းအဖွဲ့နှင့်မတွေ့ဆုံမီ ယနေ့နံနက်ကလည်း လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် GTI ကျောင်း၌ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် တွေ့ဆုံဆွေးနွေးပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ယနေ့ ထိုင်သပိတ်ပြုလုပ်နေသောအဖွဲ့တွင် ဗကသမှ ကျော်ကိုကိုအပါအဝင် ကျောင်းသား ၅၀၊ ကျောင်းသူ ၁၉ဦး၊ အရပ်သား/ပါတီ/ အမည်ခံအဖွဲ့မှ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၁၆ ဦးနှင့် သံဃာ ၁၂ ပါး စုစုပေါင်း ၁၃၁ ဦး ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**





**ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ဆန္ဒပြကျောင်းသားများ၏ သပိတ်စခန်းနေရာ၌ လုံခြုံရေးတာဝန်ဆောင်ရွက်လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရန်ကုန်မြို့မှ ဦးမောင်မောင်အောင်၊ ဦးနေမျိုးဝေနှင့် ဦးမြင့်ဇော်တို့က အချိုရည်များ၊ ရေသန့်ဘူးများ၊ ဓာတ်ဆားဖျော်ရည်များနှင့် အသင့်စားအစားအစာများ လာရောက်လှူဒါန်းစဉ်။** (ကြေးမုံ)

# ယာဉ်တိမ်းမှောက်မှုအားစစ်ဆေးစဉ် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၄**

အုတ်တွင်းမြို့နယ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့(ဇောဓိကုန်း)မှ တပ်ဖွဲ့ဝင်များသည် မတ် ၂ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၁၂၉/၇)နှင့် (၁၃၀/၀) အကြားတွင် ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်မှ နေပြည်တော်သို့ စိုးသူမောင်းနှင်၍ အောင်ခန့်ကျော်နှင့် ဖိုးသက်တို့ လိုက်ပါလာသည့် ယာဉ်အမှတ် 8I/..... ဟိုက်အေ့စ်အမျိုးအစား ခဲရောင်မော်တော်ယာဉ်မှာ လမ်းယာဘက် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်နေပြီး ဖိုးသက်(ခ)ခိုင်စိုး (သေဆုံး)၊ စိုးသူဒဏ်ရာရရှိ (စိုးရိမ်ရ)နှင့် အောင်ခန့်ကျော် (ခ) လင်းထက်အောင်တို့အား တွေ့ရှိသဖြင့် ဆက်လက်စစ်ဆေးစဉ် အောင်ခန့်ကျော်က လမ်းဘေးချုံပုတ်အနီးသို့ ဆေးလိပ်ဘူးအား လွှင့်ပစ်လိုက်သဖြင့် ရှာဖွေရာ ဆေးလိပ်ဘူးခွံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ ယာဉ်ခေါင်းခန်း တူးဘောက်စ်အတွင်းမှ ဆေးပြား ၃ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် စိုးသူ (၂၀)နှစ်၊ အောင်ခန့်ကျော် (ခ)လင်းထက်အောင် (၂၀)နှစ်နှင့် ဖိုးသက်(ခ) ခိုင်စိုး (၂၂)နှစ် (သေဆုံး) တို့ သုံးဦးအပေါ် အမြန်လမ်းရဲစခန်း (ဇောဓိကုန်း)တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေအရလည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## လက်ပံတန်းမြို့တွင် ကျောင်းသားအဖွဲ့များနှင့် ရောက်ရှိပူးပေါင်းနေသည့် အချို့သော သံဃာတော်များအား မေတ္တာရပ်ခံချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)

**ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)၏**
**လက်ပံတန်းမြို့တွင် ကျောင်းသားအဖွဲ့များနှင့် ရောက်ရှိပူးပေါင်းနေသည့် အချို့သော သံဃာတော်များအား မေတ္တာရပ်ခံချက်**

**၃-၃-၂၀၁၅(အင်္ဂါနေ့)**

ကျောင်းသားသပိတ်ဆင်နွှဲရာတွင် ပါဝင်နေကြသော ရဟန်းသာမဏေအပေါင်းတို့ဘုရား-

၁။ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့မှ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက်ဝင်ရောက်ရန် ပြင်ဆင်နေကြသော ကျောင်းသားအစုအဖွဲ့နှင့်ပူးပေါင်း၍ ဆန္ဒဖော်ထုတ်ကာကွယ်မှုပြုပေးနေသော ရဟန်းသာမဏေအချို့အနေဖြင့် နိုင်ငံတော်အတွက်လည်းကောင်း၊ နိုင်ငံတော်၏ မျိုးဆက်သစ်သားကောင်းရတနာများအတွက်လည်းကောင်း ကောင်းမွန်ဆီလျော်သည့် ပညာရေးဥပဒေစနစ်ပေါ် ထွက်လာစေလိုသော ဆန္ဒမွန်များရှိနေသည်ကို သာဓုခေါ်ပါသည်ဘုရား။

၂။ သို့သော် ယခုအခါ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER) နှင့်ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များကိုပါ ဖိတ်ခေါ်၍ လွှတ်တော်အသီးသီးတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးတော့မည်ဖြစ်ရာ-

(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊

(ခ) သံဃာတော်များအကြား သဘောထားကွဲလွဲမှုမရှိစေရေး၊

(ဂ) ပြည်သူများအကြား တည်ငြိမ်အေးချမ်းမှုပျက်ပြားမည်လောဟူသော စိုးရိမ်သောကများ မရှိစေရေးတို့အတွက် လက်ပံတန်းမြို့တွင် ကျောင်းသားအစုအဖွဲ့များနှင့် ဆက်လက်ပူးပေါင်းမှုမပြုတော့ဘဲ မိမိတို့ သီတင်းသုံးရာကျောင်းများသို့ပြန်လည်ကြွရောက်၍ သာသနာ့တာဝန်ထမ်းဆောင်ပြီး ဂန္ထဓုရ ဝိပဿနာဓုရတို့ကို ဆက်လက်ကြိုးစားအားထုတ်ကာ သာသနာ့တာဝန်များကိုသာ ထမ်းဆောင်ပေးတော်မူကြပါရန် ရိုသေစွာ မေတ္တာရပ်ခံလျှောက်ထားအပ်ပါသည်ဘုရား။

ဘဒ္ဒန္တအဂ္ဂိသ (ရွှေကျင်)
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တပညောဘာသ(ဝေဠုဝန်)
(မဟာသဒ္ဓမ္မဇောတိကဓဇ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဥတ္တမာစာရ(မဟာဒွါရ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တသိရိန္ဒ (မူလဒွါရ)
အကျိုးတော်ဆောင်

ဘဒ္ဒန္တပဏ္ဍိတသာရ(ငှက်တွင်း)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တရေဝတ
(မဟာဂန္ထဝါစကပဏ္ဍိတ)
အကျိုးတော်ဆောင်

ဘဒ္ဒန္တဝဏ္ဏိတ
တွဲဖက်အကျိုးဆောင်

## ရန်ကုန်မြို့သို့ ဦးတည်ချီတက်ရန်ပြင်ဆင်နေသည့် အနာဂတ်မြန်မာ့မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသို့ မေတ္တာရပ်ခံချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)

**ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)၏**
**ရန်ကုန်မြို့သို့ ဦးတည်ချီတက်ရန်ပြင်ဆင်နေသည့် အနာဂတ်မြန်မာ့မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသို့ မေတ္တာရပ်ခံချက်**

**၃-၃-၂၀၁၅ (အင်္ဂါနေ့)**

ကျောင်းသားသပိတ်ဆင်နွှဲရာတွင် ပါဝင်နေကြပြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက်ရန် ပြင်ဆင်နေသည့် အနာဂတ် မြန်မာ့မျိုးဆက်သစ်ကျောင်းသား ကျောင်းသူအပေါင်းတို့ -

၁။ စည်းလုံးတည်ငြိမ်ညီညွတ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံဖြစ်ထွန်းပေါ် ပေါက်စေရေးအတွက် ရှေးရှုကြိုးပမ်းဆောင်ရွက်ကြရာတွင် ကောင်းမွန်ဆီလျော်သည့် ပညာရေးဥပဒေများပြဋ္ဌာန်းကျင့်သုံးနိုင်ရေးသည် အရေးပါသောကဏ္ဍတွင်ရှိနေပါသည်။ လက်ရှိကာလတွင် ၃၀-၉-၂၀၁၄ ရက်နေ့က ပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် ဆွေးနွေးအတည်ပြုရန် ပြင်ဆင်ဆောင်ရွက်နေကြသည်တို့ကို တွေ့ရှိရပါသည်။

၂။ အဆိုပါ အခြေအနေမျိုးဖြစ်ပေါ်လာရေးအတွက် စတင်လှုပ်ရှားဆောင်ရွက်ခဲ့သော ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီနှင့် ကျောင်းသားအစုအဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း ကောင်းမွန်စွာအသိအမှတ်ပြုပါသည်။

၃။ ယခုအခါ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များကိုပါ ဖိတ်ခေါ်၍ လွှတ်တော်အသီးသီးတွင် ဆွေးနွေးတော့မည်ဖြစ်ရာ-

(က) ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့မှ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့သို့ဦးတည်ချီတက်ဝင်ရောက်ရန် ပြင်ဆင်နေသော ကျောင်းသားအစုအဖွဲ့အနေဖြင့် ဖြစ်စေလိုသည့်အခြေအနေများ ငြိမ်းချမ်းအောင်မြင်မှုပြည့်ဝစွာရရှိရေး၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ညီငယ်၊ ညီမငယ် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊

(ဂ) ပြည်သူများအကြား တည်ငြိမ်အေးချမ်းမှုပျက်ပြားမည်လောဟူသော စိုးရိမ်သောကများမရှိစေရေးတို့အတွက် ရန်ကုန်မြို့သို့ဝင်ရောက်ရန် ကြိုးပမ်းမှုမပြုဘဲ မိမိတို့၏ မိဘရင်ခွင်သို့ပြန်လည် ဝင်ရောက်ခိုလှုံပြီး ပေါ်ထွက်လာမည့် ရလဒ်ကောင်းများအား စောင့်ကြည့်ကြသင့်ပါကြောင်း လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါသည်။

ဘဒ္ဒန္တအဂ္ဂိသ (ရွှေကျင်)
(အဂ္ဂမဟာပဏ္ဍိတ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တပညောဘာသ(ဝေဠုဝန်)
(မဟာသဒ္ဓမ္မဇောတိကဓဇ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဥတ္တမာစာရ(မဟာဒွါရ)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တသိရိန္ဒ (မူလဒွါရ)
အကျိုးတော်ဆောင်

ဘဒ္ဒန္တပဏ္ဍိတသာရ(ငှက်တွင်း)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တရေဝတ
(မဟာဂန္ထဝါစကပဏ္ဍိတ)
အကျိုးတော်ဆောင်

ဘဒ္ဒန္တဝဏ္ဏိတ
တွဲဖက်အကျိုးဆောင်

## ပအိုဝ်းအမျိုးသားနေ့အခမ်းအနား သထုံမြို့နယ်၌ ကျင်းပ

**သထုံ မတ် ၄**

၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် (၆၆)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို မတ် ၄ ရက် နံနက် ၇ နာရီက မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ငါးကြီးအင်း အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စည်ကားစွာကျင်းပခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြသော်လည်း မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားများမှာ အများစုဖြစ်ကြောင်း၊ မိမိတို့ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားများ တိုးတက်မြင့်မားရေးကို တိုင်းရင်းသားတိုင်းက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများကလည်း တရားဥပဒေ စိုးမိုးမှုအတွင်းမှ မိမိတို့ အခွင့်အရေးကို အမိအရယူကာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စုပေါင်းကြိုးပမ်းကြစေလိုကြောင်း အမှာစကားပြောကြားသည်။



ယင်းနောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ထံမှ ပေးပို့သည့် သဝဏ်လွှာကိုပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်သောင်းက လည်းကောင်း၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ပေးပို့သော သဝဏ်လွှာကို ဗဟိုကော်မတီဝင် ဦးခွန်တင်ဆွေဦးကလည်းကောင်း၊ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(PNO)မှ ပေးပို့သော သဝဏ်လွှာကို ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက လည်းကောင်း ဖတ်ကြားကြပြီး ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ တိုင်းရင်းသား ယိမ်းအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်၊ ကရင် တိုင်းရင်းသားခေါင်းဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်များနှင့် သထုံခရိုင်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ် ဒုတိယအကြိမ်ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၄**

ပထမအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲ ရလဒ်များနှင့် ထပ်မံဖြည့်စွက်အကြံပြုချက်များ၊ စာဖြင့်ရေးသားပေးပို့သည့် အကြံပြုဝေဖန်ချက်များအပေါ် ဆွေးနွေးရန် ဒုတိယအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲကို မတ် ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ နေ့စဉ်နံနက်၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးလိုပါက ဦးတင်မောင်သန်း ဒုတိယညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန နေပြည်တော် ဖုန်း ၀၆၇-၄၀၅၄၂၈၊ ၀၉-၂၆၀၁၁၄၁၅၅၊ Fax ၀၆၇-၄၀၅၄၂၈ နှင့် ၀၆၇-၄၀၅၄၂၇၊ e-mail:luasc.myanmar@gamil.com သို့ ဆက်သွယ်ပြီး အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် မတက်ရောက်နိုင်ပါကလည်း အင်တာနက်စာမျက်နှာ http://www.fdmoecaf.gov.mm/law တွင် ဖတ်ရှုလေ့လာပြီး အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်၊ ဝေဖန်သုံးသပ်ချက်များ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာသိရီ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် အဂ္ဂမဟာသိရီ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သိရီ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

★ စာမျက်နှာ ၅ မှ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသူ တစ်ဦးနှင့် သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရရှိသူ တစ်ဦးတို့အား ဘွဲ့တံဆိပ်တော်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က သုဓမ္မ မဏိဇောတဓရနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသူများအား ဘွဲ့တံဆိပ်တော်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရရှိသူ သုံးဦး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်က အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသူ နှစ်ဦးတို့အား ဘွဲ့တံဆိပ်တော်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့ကလည်း သိရီသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရရှိသူများအား ဘွဲ့တံဆိပ်တော်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ မဟာထေရ်ထံမှ နိုင်ငံတော်သမ္မတအမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် အဝင်လမ်းနှင့် ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်တွင်းဘွဲ့ခံဆရာတော် ၁၃၅ ပါး၊ ပြည်ပဘွဲ့ခံဆရာတော် ၁၅ ပါး စုစုပေါင်း ဆရာတော်အပါး ၁၅၀၊ သီလရှင်ဆရာကြီး ၁၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၂၈ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

● MNL မှ

နေပြည်တော်နှင့် မနောမြေအသင်းတို့က ရှစ်ပွဲကစား ငါးမှတ်စီ၊ ဧယျာရွှေမြေအသင်းက ခုနစ်ပွဲကစား ငါးမှတ်၊ ဇွဲကပင်အသင်းက ရှစ်ပွဲကစား လေးမှတ်ရရှိထားသည်။

ရှစ်ပွဲဆက်အနိုင်ရရှိထားသည့် ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ ဧယျာရွှေမြေနှင့် တွေ့ဆုံနေရာ နိုင်ပွဲဆက်မည့် အနေအထားပင်ဖြစ်သည်။ ရှုံးပွဲမရှိသေးသည့် ဒုတိယနေရာမှ ရောဝတီအသင်းမှာ ကမ္ဘောဇအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းမှာ ဇယားအောက်ဆုံးမှ ဇွဲကပင်နှင့် တွေ့ဆုံနေသည်။ MNL ပြိုင်ပွဲကို ယခုတစ်ပတ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၂၂ ရက်မှ စတင်မည်ဖြစ်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်စဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်စဉ်။

(သတင်းစဉ်)

# ဓနုဒေသတွင် ဒေသဖွံ့ဖြိုးမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ် ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်



**နေပြည်တော် မတ် ၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့်ဒေသဦးစီးအဖွဲ့ဝင်များအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဒေသဦးစီးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဒီမိုကရေစီအစိုးရသစ်လေးနှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါတွင် ဓနုဒေသ၌ ဒေသဖွံ့ဖြိုးမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ယခုရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ပြောင်းလဲကျင့်သုံးရာတွင် ချက်ချင်းပြောင်းလဲဆောင်ရွက်၍ မရနိုင်သည်များရှိပါကြောင်း၊ သို့သော်လည်း ယခုအခါတွင် ဒီမိုကရေစီစနစ်ဖြင့် လိုက်လျောညီထွေမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ တဖြည်းဖြည်း အရှိန်ရရှိလာပြီဖြစ်ပါကြောင်း၊ ယင်းပြောင်းလဲမှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့်လည်း ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကပိုင်ကဏ္ဍတိုးမြှင့်ရေး စသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ပြည်သူ့ဆန္ဒများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မူဝါဒချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့်နိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လိုအပ်သည့်စက်ပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဦးစီးအဖွဲ့အနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်ရသည့်ကာလအတွင်း မိမိတို့ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် အစိုးရသစ်လက်ထက်တွင် ဒေသဖွံ့ဖြိုးရေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကတ္တရာလမ်း ၂၅ မိုင်၊ ကျောက်ချောလမ်းမိုင် ၅၀ ကို လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး မြေသားလမ်းမိုင် ၁၂၀ ဖောက်လုပ်နိုင်ခဲ့ခြင်း၊ သောက်သုံးရေရရှိအောင် ဆောင်ရွက်ရေးကဏ္ဍတွင် ကျေးရွာပေါင်း၁၆၇ ရွာကို သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ မီးလင်းရေးကဏ္ဍတွင် ကျေးရွာပေါင်း ၂၆၂ ရွာရှိသည့်အနက် ၁၂၂ ရွာကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍတွင် ခုတင် (၅၀) ဆံ့ ဆေးရုံတစ်ရုံ၊ (၂၅) ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ ခု၊ တိုင်းရင်းဆေးကုဌာနတစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ပညာရေးကဏ္ဍတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၂၈ ကျောင်းကို အဆင့်တိုးမြှင့်နိုင်ခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းကို ပင်းတယမြို့တွင် အသစ်တည်ဆောက်၍ ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်တော်အတွင်းရှိ ဆုတောင်းပြည့်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

ဓနုတိုင်းရင်းသားများ ဆုံဆည်းရာ (၅)နှစ်မြောက် အခမ်းအနားကို ရွှေဥမင်သဘာဝလိုဏ်ဂူတော် တောင်ခြေရင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မွန်းလွဲပိုင်းတွင် ဒေသဦးစီးအဖွဲ့မှ ဦးဆောင်ပြီး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက ပင်းတယမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ဓနုတိုင်းရင်းသားများ ဆုံဆည်းရာနေ့ အထိမ်းအမှတ်ပွဲတော်ကို မတ် ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## မြောက်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာမည်

**နေပြည်တော် မတ် ၄**

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာမည်။

**❁ ကျောဖုံးမှ**

အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ သတ္တသတ္တာဟ စေတီတော်၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီ၊ ကိုးခန်းကြီးဘုရားနှင့် စေတီပုထိုးများတွင် သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် ပြုကြသူများ၊ မိသားစုဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**



မတ် ၄ ရက် တပေါင်းလပြည့်နေ့က ဗိုလ်တထောင်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)



မတ် ၄ ရက် တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

# ပအိုဝ်းအမျိုးသားနေ့ပွဲတော် ရန်ကုန်တွင် ကျင်းပ

"လာ-လာ-လာ--
မောင်နှမများ ညီညွတ်ခြင်း
အနာဂတ်ကို
ခင်မင်ရင်းနှီးစွာ အတူခရီး
ဆက်မယ်
ထာဝရ- ထာဝရ- ထာဝရ----"

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိကျောင်းတိုက်၌ ကျင်းပနေသည့် ပအိုဝ်းအမျိုးသားနေ့ပွဲတော် **(ယာပုံ)**မှ သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသော တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုဖြစ်ပေါ်စေသည့် အမျိုးသားရေး တေးသံသာများ။

တပေါင်းလပြည့် ပအိုဝ်းအမျိုးသားနေ့ရောက်တိုင်း ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ရာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို နှစ်စဉ် အစဉ်လာမပျက် ဆင်နွှဲလေ့ရှိကြသည်။

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် သုဝဏ္ဏဘူမိ သထုံပြည်ကို အုပ်ချုပ်ခဲ့သော သထုံမြို့ ရွှေစာရံစေတီတော်၏ မူလဒါယကာလည်းဖြစ်သော သူရိယစန္ဒာမင်းသည် ပအိုဝ်းလူမျိုးတို့အတွက် တောက်ပသော ခေတ်ကာလကို ဖန်တီးပေးခဲ့သည့်အတွက် ထိုကျေးဇူးတရားကို အောက်မေ့တမ်းတ သတိရခြင်းအားဖြင့် သူရိယစန္ဒာမင်း၏ မွေးနေ့ဖြစ်သော တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းလူမျိုးတို့သည် ဘာသာတရားကိုင်းရှိုင်းသူများ ဖြစ်ကြသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းတွင် မျိုးချစ်စိတ်ထက်သန်စွာ အခြားတိုင်းရင်းသားများနည်းတူ လက်တွဲပါဝင် တွန်းလှန်ခဲ့ကြသူများဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တိုင်ဖြစ်သည့် ပင်လုံညီလာခံတွင် ပအိုဝ်းအမျိုးသားခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး သဘောတူလက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသူများဖြစ်သည့်အပြင် ကိုယ်ပိုင်စာပေယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာများ၊ ဂီတအနုပညာများဖြင့် ရပ်တည်ခဲ့ကြသူများဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

"အခုဆို နိုင်ငံတော်အကြီးအကဲတွေက တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး အထူးအလေးထား ဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ ဒီနေ့ ကျင်းပတဲ့ ပအိုဝ်းအမျိုးသားနေ့ပွဲကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ ပါတီခေါင်းဆောင်တွေက သဝဏ်လွှာတွေ ပေးပို့တဲ့အခါကျတော့ တိုင်းရင်းသားတွေအနေနဲ့ ပိုပြီးအားရှိလာတာပေါ့ဗျာ။ ဒီလိုငြိမ်းငြိမ်းချမ်းချမ်းနဲ့ စည်စည်ကားကား တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့အတူ လက်တွဲပြီးတော့ နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပသွားချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခွန်ဒေဝက ပြောသည်။

ယနေ့ကျရောက်သည့် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပအိုဝ်းအမျိုးသားအဖွဲ့ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့မှ သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြသည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် တောင်ကြီးမြို့နယ် ပသွန်ကျေးရွာမှ ပအိုဝ်းအမျိုးသားကြီး ဦးညွန့်နှင့်အဖွဲ့က ရှေးဟောင်းလက်ရာဖြစ်သော ခေတ်အဆက်ဆက်မှ ပအိုဝ်းတိုင်းရင်းသားလူမျိုးတို့ အသုံးပြုခဲ့သည့် ပအိုဝ်းစောင်း၊ ပလွေ၊ ကြွာ၊ အခရာ(အခယာ) စသော တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေခဲ့ရာ ဆန်းပြားသော မြင်ကွင်းတစ်ခုဖြစ်ခဲ့



သည်။

ထို့ပြင် ဘိုးဘွားများ ကန်တော့ခြင်း၊ ပရိယတ္တိ စာပေထူးချွန် ပအိုဝ်းသံဃာတော်များနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းတို့ အပြင် ကယားတိုင်းရင်းသားရိုးရာ၊ ကရင်တိုင်းရင်းသားရိုးရာ၊ ပအိုဝ်းတိုင်းရင်းသားရိုးရာ၊ ပြည်ထောင်စုတိုင်းရင်းသား အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

# တရားမဝင်ဆန္ဒပြသူများအား အကြမ်းမဖက်ဘဲ ဖယ်ရှားရှင်းလင်းခဲ့

**ရန်ကုန် မတ် ၄**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် E-Land Myanmar စက်ရုံရှေ့တွင် စခန်းချ၍ လုပ်အားခတိုးမြှင့်ရလိုမှုဖြင့် ဆန္ဒပြနေသောအစုအဖွဲ့မှ အင်အား ၉၀ ခန့်သည် ယနေ့ နံနက် ၉ နာရီခန့်တွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ကြွေးကြော်သံများ ဟစ်အော်၍ တရားမဝင်ဆန္ဒပြမှုကို စက်မှုလမ်းမကြီးအတိုင်း ပုလဲလမ်းဆုံမှ အမှတ်(၄)လမ်းမကြီးမှ တစ်ဆင့် မြို့တော်ခန်းမသို့ သွားရောက်ရန် စတင်ချီတက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြချီတက်လာသော အစုအဖွဲ့အား တာဝန်ရှိသူများနှင့် ပြည်သူလူထုက ဆက်လက်ချီတက်ခြင်းမပြုရန် ညှိနှိုင်းဖျန်ဖြေပြောကြားခဲ့သော်လည်း လက်ခံမှုမရှိဘဲ ဆက်လက်ချီတက်လာရာ အမှတ်(၄) လမ်းမကြီးပေါ်ရှိ ဒညင်းကုန်းသံလမ်းကူး နေရာအရောက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန် တားဆီးခဲ့ရသည်။ ယင်းခွင့်ပြုချက်မဲ့ ဆန္ဒပြအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများက အကြိမ်ကြိမ် သွားရောက်ညှိနှိုင်းဖျန်ဖြေသော်လည်း လိုက်နာခြင်းမရှိသဖြင့် ယနေ့ ညနေ ၅ နာရီခန့်တွင် အနီးပတ်ဝန်းကျင်ရှိ ပြည်သူလူထုအကူအညီဖြင့် အကြမ်းမဖက်ဘဲ ဖယ်ရှားရှင်းလင်းခဲ့သည်။

ထိုသို့ ဖယ်ရှားရှင်းလင်းခဲ့ရာတွင် ကျား ကိုးဦး၊ မ ခြောက်ဦး စုစုပေါင်း ၁၅ ဦးတို့ကို စစ်ဆေးမေးမြန်းနိုင်ရန် အတွက် မလွဲမရှောင်သာ ယာယီထိန်းသိမ်းခဲ့ရသည်။ အဆိုပါ ၁၅ ဦးအား စိစစ်မေးမြန်းခဲ့ရာ ဒီဗွီဘီနှင့် ဆဲဗင်းဒေးသတင်းဌာနများမှ သတင်းထောက်နှစ်ဦး ပါဝင်ကြောင်း တွေ့ရှိရပြီး တရားမဝင်ဆန္ဒပြမှုနှင့် တိုက်ရိုက်ပါဝင်ပတ်သက်မှု မရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် နောင်တွင် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ဖယ်ရှားရှင်းလင်းပေးရန် သတိပေးမေတ္တာရပ်ခံချိန်တွင် တာဝန်သိမီဒီယာသမားတစ်ဦးအနေဖြင့် ကျင့်ဝတ်နှင့်အညီဖယ်ရှားပေးသွားရန် သတိပေးမှတ်တမ်းတင်၍ ပြန်လည်စေလွှတ်ပေးခဲ့သည်။ ကျန်ခေတ္တထိန်းသိမ်းထားသူများကိုလည်း ဆက်လက်စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

**(သတင်းစဉ်)**



ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးရန်ကင်းကွာ လွှန်ချမ်းသာ

ပြည်တွင်းရေးရာ

# မေတ္တာခမ်းတန် ထမ်းစမ်းရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၄**

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မေတ္တာခမ်းတန် ဟိတ္ထိပါလကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်မည့် ဉာဏ်တော် (၁၀၈)တောင်ရှိသည့် မေတ္တာခမ်းတန် ထမ်းစမ်းရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းပရိယတ္တိစာသင်တိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ မေတ္တာခမ်းတန် ထမ်းစမ်းရွှေတိဂုံ စေတီတော်မြတ်ကြီး၏ အထွတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ခေါင်းလောင်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ခေါင်းလောင်းများကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။



ယင်းနောက် ဆရာတော်၊ သံဃာတော်များက တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ဖြင့် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ အဆိုပါ စေတီတော်မြတ်ကြီးကို အရှင်ပေါရိသ ဟိုပုံးကိုရင်လေးက ဦးဆောင်ပြီး စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများဖြင့် တည်ထားတော်မူခဲ့ပြီး စေတီတော်မြတ်ကြီး ဌာပနာတော်သွင်းတော်မူခြင်းနှင့် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားတို့ကို မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွိုင်ကော်မြို့၌ မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူ



**လွိုင်ကော် မတ် ၄**

ကယားပြည်နယ် လွိုင်ကော်မြို့ ကျက်သရေဆောင် သမိုင်းဝင်သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီတော်မြတ်)ကြီး၏ (၄၆)ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၄ ရက် (တပေါင်းလပြည့်နေ့)ညနေ ၃ နာရီက သမိုင်းဝင်သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီတော်မြတ်)ကြီး၏ ပရိဝုဏ်အတွင်း၌ ပြုလုပ်သည်။

အဆိုပါ မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ အလှူရှင်များက ထေရဝါဒ ပရိယတ္တိဝန်ဆောင် စာသင်တိုက် ၅၂ တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်မှ သံဃာတော် အပါး ၁၈၀၀ ကျော်နှင့် သီလရှင်အပါး ၂၀၀ ကျော်တို့အား သံဃာ့ဒါနဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဘုရား တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူ

**လွိုင်လင် မတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ ရှေးဟောင်းသမိုင်းဝင် မွေတော်ဖိပြဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့ (မတ် ၄ ရက်) က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နံနက် ၄ နာရီတွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပခြင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်က စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ရှင်သီဝလိရဟန္တာပူဇော်ခြင်း၊ ရှင်ဥပဂုတ္တရဟန္တာပူဇော်ခြင်း၊ ဘုရားကြီးဘေးပတ်လည်ရင်ပြင် တိုးချဲ့ပူဇော်လှူဒါန်းခြင်း၊ ရွှေသင်္ကန်းဆက်ကပ်ပူဇော်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေခြင်းများ ဆောင်ရွက်ကြပြီး မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ ပင့်ကျောင်း ၁၉ ကျောင်း၊ ပင့်သံဃာအပါး ၃၈၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်းသိရသည်။



အဆိုပါ သမိုင်းဝင်မွေတော်ဖိပြဘုရားအား ၁၁၅၄ ခုနှစ် ပြာသိုလတွင် ဘိုးတော်ဘုရား၏ သားတော် လှသင်္ခယာ တည်ထားကိုးကွယ်ခဲ့ပြီး သံဃာတော် ၁၀၈ ပါးတို့ ကြွချီ၍ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်လှူခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# တပေါင်းလပြည့်နေ့တွင် မဟာရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးပြည်သူများ အထူးစည်ကား

**ကျောက်ဆည် မတ် ၄**

တပေါင်းလပြည့်နေ့ အခါသမယတွင် ကျောက်ဆည်မြို့နယ် သင်တောင်ကျေးရွာရှိ တန်ခိုးကြီး မဟာရွှေသိမ်တော်မြတ်စွာဘုရား၌ ဘုရားဖူးပြည်သူများ၊ အဓိဋ္ဌာန်အောင် ကန်တော့ပွဲထိုးသူများဖြင့် နံနက်ပိုင်းမှစတင်ကာ ညနေပိုင်းအထိ အထူးစည်ကားခဲ့ကြောင်း သိရှိရသည်။

မဟာရွှေသိမ်တော် မြတ်စွာဘုရားကြီးသည် အဓိဋ္ဌာန်အောင်သဖြင့် ဘုရားဖူးလာပြည်သူများသည် ဘုရားကန်တော့ပွဲထိုးကာ သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းမှုများပြုလုပ်သည်မှာ နေ့စဉ် စည်ကားခဲ့ပြီး အခါကြီး ရက်ကြီးများတွင် အထူးစည်ကားလှသည်။ ယနေ့ တပေါင်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများက ကန်တော့ပွဲတင်ကာ အဓိဋ္ဌာန်ပြုမှုကြောင့် စေတီတော်ပတ်လည်တွင် တိုးမပေါက်အောင် စည်းကားခဲ့ကြောင်းကို "ကျွန်မတို့ ဘုရားကို ကန်တော့ပွဲထိုး ဆုတောင်းပြီး လုပ်တဲ့လုပ်ငန်းမှန်သမျှ အောင်မြင်တယ်။ အဓိဋ္ဌာန်အောင်တယ်ပေါ့။ မကြာမကြာလည်းလာပြီး ကန်တော့ပွဲထိုး ဘုရားဖူးဖြစ်တယ်။ ဒီနေ့က တော်တော်ကို စည်ကားတယ်။ မနည်းတိုးယူရတာ"ဟု မန္တလေးမှ ဘုရားဖူးလာရောက်သူတစ်ဦးက ပြောသည်။

ဘုရားဖူးလာပြည်သူများ များပြားမှုကြောင့် ဘုရားဝင်းအတွင်းရှိ ကန်တော့ပွဲ ရောင်းချသော ဆိုင်များမှာလည်း လက်မလည်နိုင်အောင် ရောင်းချရမှုကို "ဒီနေ့က တော်တော်စည်တယ်။ ရောင်းလည်းရောင်းရတယ်။ မနက်ကတည်းက နားကိုမနားရသေးတာ။ နေ့စဉ်တော့ ရောင်းရပါတယ်။ ဒီနေ့ကတော့ ရောင်းအကောင်းဆုံးပေါ့။ ဘုရားကြီးက ကျောင်းတော်ကြီး ပြီးလို့တော်သေးတယ်။ ဒါတောင် အထဲမှာ အပြည့်ပဲ။ အရင်ကလို သိမ်တော်လေးနဲ့ဆိုရင် မလွယ်ဘူး" ဟု အဓိဋ္ဌာန်အောင်ကန်တော့ပွဲ ရောင်းချသူ အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# မိတ္ထီလာတွင် သိမ် ကိုး သိမ်အား လှည့်လည်ပူဇော်ပွဲကျင်းပ



**မိတ္ထီလာ မတ် ၄**

ပုဂံခေတ် အနော်ရထာမင်းလက်ထက် ရှင်အရဟံမထေရ်အမှူးပြုသည့် ရဟန္တာအရှင်သူမြတ်များ တစ်နေ့တည်း၊ တစ်ချိန်တည်း သိမ်သမုတ်တော်မူသည့် သိမ် ကိုး သိမ်အား စတုတ္ထအကြိမ်မြောက် လှည့်လည်ပူဇော်ပွဲနှင့် နဝမအကြိမ် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို မိတ္ထီလာတွင် မတ် ၄ ရက် နံနက် ၆ နာရီခွဲက စတင်ကျင်းပရာ မော်တော်ယာဉ်စီးရေ ၁၄၀ ကျော်၊ လူဦးရေ ၇၀၀၀ ကျော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပကြောင်းသိရသည်။

မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်တွင် ပုဂံပြည့်ရှင် သာသနာ့ဒါယကာ အနော်ရထာမင်းမြတ်အား ချီးမြှောက်လိုသောအားဖြင့် ရှင်အရဟံမထေရ်မြတ်သည် ရဟန္တာမထေရ်မြတ်များအားဦးစီး၍ မိတ္ထီလာကန်အား ဗဟိုပြုကာ ယင်းသိမ် ကိုး သိမ်အား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိမ်သမုတ်တော်မူခဲ့သည်။

အဆိုပါ သမိုင်းမှတ်တမ်းအား မိတ္ထီလာမြို့ မြို့မရပ်ရှိ ကိုအေး (ဒစ်ဂျစ်တယ်)နှင့် မိတ်ဆွေတစ်စုတို့က ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့ရာမှ အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် သိမ် ၉ သိမ် လှည့်လည်ပူဇော်ပွဲများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကော်မတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ စုပေါင်း၍ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ပြည်သူများအပန်းဖြေလေ့လာနိုင်

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာတွင် ပြည်သူများအပန်းဖြေကြည့်ရှုလေ့လာနိုင်ရန်အတွက် စတင်ဖွင့်လှစ်ကတည်းက တိုင်းရင်းသားများ၏ ရိုးရာအမွေအနှစ်များ၊ နေထိုင်စားသောက်မှု၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာအိမ်နှင့် အခင်းအကျင်းများ၊ ရိုးရာအသုံးအဆောင်နှင့် တူရိယာပစ္စည်းများအား ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျေးရွာအတွင်း လမုတောဥယျာဉ်အတွင်းရှိ မြေနေရာများတွင် ကမ်းရိုးတန်းသွားရေယာဉ် (MV-703)ပြသနိုင်ရန်နှင့် မြစ်ပြင်ရှုခင်းများကို ကြည့်ရှုလေ့လာနိုင်မည့် အပန်းဖြေနေရာများအပြင် ရှေးဟောင်းမီးရထားစက်ခေါင်းတွဲကို ခင်းကျင်းပြသနိုင်ရန်အတွက်ပါ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအပန်းဖြေလေ့လာနိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာအမွေအနှစ်များကို ထိန်းသိမ်းပြသရသည့်အတွက် ဂုဏ်ယူနေကြရမည်ဖြစ်ကြောင်း၊ ရိုးရာအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် လာရောက်လေ့လာသူဧည့်သည်များ၊ ပြည်ပဧည့်သည်များအား စိတ်ဝင်စားစွာဖြင့် ရှင်းလင်းပြသသွားရန်လိုကြောင်း၊ ရိုးရာအသုံးအဆောင်များ ပျက်စီးမှုမရှိစေရေး၊ ဒေသအလိုက်ပေါက်ရောက်သော ပန်းပင်များအား မှတ်တမ်းဓာတ်ပုံများ ချိတ်ဆွဲပြသရေး၊ အပန်းဖြေကြသူများ စိတ်ချမ်းမြေ့စေရေးတို့အတွက် လိုအပ်သည်များကို တိုးချဲ့လုပ်ဆောင်သွားကြရန် လိုကြောင်း မှာကြားထားသည်။

၎င်းအပြင် သာကေတမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မိကျောင်းမွေးမြူရေးစခန်း၌ သဘာဝလွှတ်ကျောင်း မိကျောင်း မွေးမြူရေးကန်နှင့် သားပေါက်ပြုစုထိန်းသိမ်းမွေးမြူရေးကန်များလည်း ရှိရာ မိကျောင်းမျိုးများ မျိုးဆက်မပြုန်းတီးရေး၊ ပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ အပန်းဖြေဗဟုသုတများ ရှာမှီးနိုင်ရေး၊ မြန်မာ့မိကျောင်းများ လှုပ်ရှားသွားလာမှုများအား ပြည်သူများသိရှိလေ့လာနိုင်ရေးအတွက် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(နိုင်လင်းကြည်)**



# မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စီမံဖြေရှင်းရေးစီမံကိန်း အကောင်အထည်ဖော်မည်

**မန္တလေး မတ် ၄**

လူဦးရေ နှစ်သိန်းခွဲကျော်အား အကျိုးရှိစေမည့် အပူပိုင်းဒေသ ရေအရင်းအမြစ်နှင့် အစားအစာဖူလုံမှုအပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းရေးစီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

အပူပိုင်းဒေသတွင် မြန်မာနိုင်ငံ လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းခန့်မှီတင်းနေထိုင်လျက်ရှိပြီး ပူပြင်းခြောက်သွေ့မှုကာလ ရှည်ကြာလာခြင်း၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာရသည့် ရေရှားပါးမှုပြဿနာသည် အပူပိုင်းဒေသ၏ အသက်မွေးမှုလုပ်ငန်းများကို အကြီးမားဆုံးခြိမ်းခြောက်လျက်ရှိသည့်အပြင် သောက်သုံးရေရရှိရန် အချိန်နှင့် လုပ်အားများစွာ အသုံးပြုနေရခြင်းကြောင့် အခြားဝင်ငွေရမည့်လုပ်ငန်းလုပ်ကိုင်ရန် အခက်တွေ့နေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်သည် ပတ်ဝန်းကျင်ပျက်စီးပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့ကြောင့် နှစ်ပေါင်း ၁၅၀ အတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံးနှင့် သဘာဝအရင်းအမြစ်များ ပျက်စီးမှုအများဆုံးဒေသတစ်ခုအဖြစ် ရောက်ရှိကာ အပူပိုင်းဇုန်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုသည် ကျယ်ပြန့်ခြင်းကြောင့် ကဏ္ဍစုံမှ ပူးပေါင်းဖြေရှင်းရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နည်းလမ်းသစ်၊ လုပ်ငန်းသစ်များ လိုအပ်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှုကို စီမံဖြေရှင်းရန် အဖွဲ့အစည်းများ သီးခြားဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်သောကြောင့် စီမံကိန်းအောင်မြင်ရေးအတွက် အစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်ရန်မှာ အဓိကကျသော အချက်တစ်ချက်ဖြစ်သည်။

အဆိုပါ စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုနှင့် မုံရွာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံနှင့် ညောင်ဦးမြို့နယ်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တို့တွင် UNDP နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့က ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်ပြီး လေးနှစ်တာအကောင်အထည်ဖော်မည့်ယင်းစီမံကိန်းကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်း သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ကျေးရွာပေါင်း ၂၈၀ တွင် ရေဖမ်းယူသိုလှောင်နိုင်သည့် စွမ်းရည်တိုးမြင့်လာစေရန် ရေမြောင်း၊ ရေကန်၊ ရေတင်စက်၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ မြေဆီလွှာတိုက်စားမှုများအားလျှော့ချနိုင်ရန်အတွက် ရေဝေရေလဲဧရိယာ ဟက်တာ ၅၀၀၀ ကျော်အား ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**(ရာမည)**

# ထန်းပေါ်ချိန်၌ ထန်းမြူအိုးလုပ်ငန်းများဖြင့် အသက်မွေး



**ရေစကြို မတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ၌ ထန်းမြူအိုးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

“ကျွန်မတို့ ထန်းမြူအိုးလုပ်လာတာ ဘိုးစဉ်ဘောင်ဆက်ကတည်းကပါ။ မြေနီကားတစ်စီးကို လှည်းငါးခေါက်ရတယ်။ မြေနက်ကားတစ်စီးကို လှည်းငါးခေါက်ရတယ်။ မြေနီနဲ့ မြေနက်ကားနှစ်စီးကို အိုးအလုံး ၃၀၀၀ ရပါတယ်။ အဲဒီမြေနီကို ကြက်ဆူကျင်းနဲ့ သဲပုံရွာ အကြားကရပါတယ်။ မြေနက်ကိုကြက်ဆူကျင်းရွာအရှေ့ဘက်သွားသယ်ရပါတယ်။ တစ်နေ့ကို မိသားစုသုံးယောက်လုပ်ရင် အလုံး ၁၀၀ လောက် ရပါတယ်။ အိုးလုပ်ရာမှာ အဆင့်လေးဆင့်လုပ်ရပါတယ်။ ပထမအဆင့်အိုးလောင်းလုပ်ရတယ်။ ဒုတိယအဆင့်မှာ အိုးကောင်းအောင်၊ ခိုင်အောင် လက်ခတ်နဲ့ရိုက်ပေးရတယ်။ တတိယအဆင့်မှာအိုးပုံ အချောသပ်ရတယ်။ စတုတ္ထအဆင့်မှာ မီးဖုတ်ပေးရပါတယ်။မီးဖုတ်ပြီးအိုးတစ်လုံးကို ကျပ် ၁၀၀ နဲ့ ထန်းတက်သူတွေကို ရောင်းချရပါတယ်”ဟု ကြက်ဆူကျင်းရွာမှ အိုးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**ရင်အောင်ဦး(ရေစကြို)**

## သကျမာရဇိန်သွန်းဘုရားကြီး၏ (၈၁)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**ခရမ်း မတ် ၄။** ။ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၏ ကျက်သရေဆောင် သကျမာရဇိန်သွန်းဘုရားကြီး၏(၈၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး၏တစ်မြို့နယ်လုံးဒါနအလှူပွဲဖြစ်သည့် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါဘုရာကြီးဝင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ဝတ်အသင်းများ၊ ဘဏ္ဍာတော်ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းဝင်များ၊ အလှူရှင်များ၊ ဘုရာဖူးလာပြည်သူများက ခရမ်းမြို့ပေါ်ကျောင်းပေါင်း ၂၇ ကျောင်းမှ သံဃာတော်များအား နဝကမ္မအလှူတော်ငွေများ၊ ဆေးဝါးအသုံးအဆောင်များ၊ အချိုရည်များနှင့် ဆွမ်းဆန်တော် တင်း ၆၀၀ ကျော်ကို စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေ သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ပုလဲ မတ် ၄။** ။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ပုလဲမြို့နယ် အေးချမ်းသာကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ပုလဲမြို့ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက “မြစိမ်းရောင်စီမံကိန်းကို ကျေးလက်နေအိမ်ထောင်စုများရဲ့လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကိုရည်ရွယ်ပြီး မတည်ရန်ပုံငွေများ ထုတ်ချေးပေးမှာဖြစ်လို့ ရရှိလာမယ့် ငွေကြေးများကို အသုံးပြုပြီး အကျိုးပြုထိရောက်မယ့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်နဲ့ အကျိုးအမြတ်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးပြုပေးသွားကြမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ထို့နောက် အရင်းမပျောက်မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက လွှဲပြောင်းပေးအပ်ရာ အေးချမ်းသာကျေးရွာ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်တင်က လက်ခံရယူခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## လာမည့်ဘဏ္ဍာနှစ်တွင် မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့၌ သောက်သုံးရေရရှိရေးနှင့် လမ်းတံတားများ အဆင့်မြှင့်တင်မည်

**တမူး မတ် ၄။** ။စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင်လာမည့်ဘဏ္ဍာနှစ်အတွင်း သောက်သုံးရေရရှိရေးနှင့် လမ်းတံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရွှေက ပြောသည်။

တမူးမြို့ သောက်သုံးရေရရှိရေးအတွက် မြို့မသာသနာ့ရိပ်သာအနီး ငွေကျပ်သိန်း ၂၀ အကုန်အကျခံကာ ရေကန်တူးဖော်မည်ဖြစ်ရာ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၃၁၆ ဒသမ ၂ သန်းအကုန်အကျခံကာ မြို့တွင်းလမ်းများကောင်းမွန်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တမူးမြို့တွင် အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းများသာ ကျယ်ဝန်းပြီး နေ့စဉ်တိုးပွားလာသောကားများ၊ ဆိုင်ကယ်များကြောင့် မြို့တွင်းလမ်းများချဲ့ထွင်ရန်လိုအပ်နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**(လင်းလက်ကြယ်စင်)**

## ဖြူးမြို့နယ် ဝဲကြီးကျေးရွာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၇၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီး

**ဖြူး မတ် ၄။** ။ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အုတ်ဖြတ်ဒေသ ဝဲကြီးကျေးရွာတွင် ယခင်က ကျေးလက်ကျန်းမာရေးဌာနအဆင့်မှ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် အဆင့်တိုးမြှင့်၍ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် Aroma Rose Co.,Ltd. မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

အုတ်ဖြတ်ဒေသ ဝဲကြီးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးသွားပါက အနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများဖြစ်သည့် ဝဲကြီးကျေးရွာအုပ်စု၊ ကျားသောင်ကျေးရွာအုပ်စု၊ ဇီးခုံကျေးရွာအုပ်စုနှင့် ငါးခေါင်းအင် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာခွဲပေါင်း ၄၀ ခန့်မှ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အနီးကပ်ကူညီဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်သည်။

“ကျွန်တော်တို့က ဖြူးမြို့နဲ့ ဝေးတဲ့နေရာတွေမှာ နေကြရတော့ ကျေးလက်ပြည်သူတွေမှာ ကြီးကြီးမားမားရောဂါဝေဒနာဖြစ်ပြီဆိုရင် နွေ၊ မိုး၊ ဆောင်း ဘယ်ရာသီပဲဖြစ်ဖြစ် ဖြူးမြို့ပြည်သူ့ဆေးရုံကိုပဲသွားပြီး ဆေးကုသမှု ခံယူကြရပါတယ်။ အခုတော့ ကျွန်တော်တို့နဲ့နီးတဲ့ ဝဲကြီးရွာမှာ(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံကို နိုင်ငံတော်က ဆောက်လုပ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရပြီး နောင်ရေးအတွက်လည်း စိတ်အေးချမ်းသာကြရပါတယ်”ဟု ဒေသခံတစ်ဦးကပြောပြသည်။

**(ဖြူး-မြင့်ဦး)**

# စီးရီးအေရင်ခုန်သံ-၂၆

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်(၂၆)ကို လာမယ့်မတ် ၇၊ ၈၊ ၉၊ ၁၀ မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ်မှာ နာပိုလီနဲ့ အင်တာမီလန်၊ လာဇီယိုနဲ့ ဖီအိုရင်တီးနားတို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိ မယ့်ပွဲစဉ်တွေဖြစ်လာနိုင်ပြီး ကိုပါအီတာလီယာဖလားဆီမီးပွဲကြောင့် အသင်းအချို့ ပွဲပန်းလာနိုင်ကာ သတိပြုရပါမယ်။**

**ဆမ်ဒိုးရီးယား-ကယ်ဂလီယာရီ ည ၁၁း၃၀ (၇-၃-၁၅)**

ကယ်ဂလီယာရီက တန်းဆင်းရဖို့ ရုန်းကန်နေပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲမရှိဘဲ လေးပွဲရှုံးခဲ့ရသလို ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတဲ့ ခံစစ်အနေအထားအရ ဆမ်ဒိုးရီးယားရဲ့ အိမ်ကွင်းအားကို ယှဉ်နိုင်ဖို့ ခက်ပါလိမ့်မယ်။

**အေစီမီလန်-ဗီရိုနာ နံနက် ၂း၁၅(၈-၃-၁၅)**

အေစီမီလန်က ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုအားနည်းခဲ့ပါတယ်။ ချီယေဗိုနဲ့ သရေကျခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပေမယ့် နှစ်ပွဲသာအနိုင်ရခဲ့တာကို သတိပြုရမယ်။ ဒါကြောင့်ခံစစ်ပိုင်းကစားအားမဆိုးတဲ့ဗီရိုနာကို အေစီမီလန်ခက်ခဲစွာကျော်ဖြတ်အနိုင်ရယူသွားမှာပါ။

**ဆီစီနာ-ပါလာမို ည ၆း၀၀(၈-၃-၁၅)**

ပါလာမိုက ကစားပုံမဆိုးဘူးဆိုပေမယ့် အဝေးကွင်းကစားပုံကတော့ တည်ငြိမ်မှုမရှိပါဘူး။ ကစားကွင်းစုစုပေါင်း ၁၂ပွဲမှာ တစ်ပွဲသာ အနိုင်ရပါသေးတယ်။ ဆီစီနာကတန်းဆင်းဇုန်အတွင်း ရောက်ရှိနေပေမယ့် တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။

**ပါးမား-အတ္တလန္တာ ည ၈း၃၀ (၈-၃-၁၅)**

ပါးမားက အသင်းရဲ့ ဘဏ္ဍာရေးအခြေအနေကြောင့်ရှုပ်ထွေးမှုတွေဖြစ်နေပါတယ်။ ထွက်ပေါ်နေတဲ့ သတင်းတွေအရ ကြိုတင်ပြီး တန်းဆင်းရမယ့်အဖြစ်နဲ့တောင် ရင်ဆိုင်ရနိုင်ခြေရှိနေပါတယ်။ စိတ်ဓာတ်နဲ့စုစည်းမှု ပျက်ပြားနေတဲ့ ပါမားကိုတန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ အတ္တလန္တာက အနိုင်ယူသွားမှာပါ။

**အမ်ပိုလီ-ဂျီနိုအာ ည ၈း၃၀(၈-၃-၁၅)**

အမ်ပိုလီရဲ့ လက်ရှိကစားအားမဆိုးပါဘူး။ အထူးသဖြင့် အမ်ပိုလီသာ အိမ်ကွင်းကစားပုံပိုပြီး ကောင်းမွန်တတ်တာကြောင့် ဂျီနိုအာအခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဂျီနိုအာရဲ့ ကစားပုံက အမ်ပိုလီထက်ပိုမို အားကောင်းပေမယ့် သရေကျဖို့များပါတယ်။

**ချီယေဗို-ရိုးမား ည ၈း၃၀ (၈-၃-၁၅)**

ရိုးမားဟာ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့် ဂျူဗင်တပ်နဲ့ အမှတ်ကွာဟမှုကို ထိန်းချုပ်နိုင်ဖို့နဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့ကို အာရုံစိုက် ကစားသွားဖို့ ရှိနေပါတယ်။ ဒါပေမယ့် ချီယေဗိုကလည်း ကစားပုံမဆိုးသလို အိမ်ကွင်းအားလည်းရှိနေတာကြောင့် ရိုးမားနိုင်ရင်တောင် ပြတ်သားဖို့ ခက်ပါလိမ့်မယ်။

**အူဒီးနီးစ်-တိုရီနို ည ၈း၃၀(၈-၃-၁၅)**

အူဒီးနီးစ်ကအခုနောက်ပိုင်း ခြေစွမ်းမတည်ငြိမ်ပါဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်တာ တွေ့ရပါတယ်။ တိုရီနိုကတော့ အခုနောက်ပိုင်းမှာ ကစားပုံမဆိုးတာတွေ့ရပါတယ်။ ဒါပေမယ့်တိုရီနိုကလည်း ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိနေတာ သတိပြုရမယ်။

**နာပိုလီ-အင်တာ နံနက် ၂း၁၅(၉-၃-၁၅)**

နာပိုလီအတွက် ဒီပွဲဟာ ပွဲစဉ်နှစ်ခုကြားရောက်ရှိနေပါတယ်။ ကိုပါအီတာ လီယာဖလားပွဲပြီးမှ ဒီပွဲကို ကစားမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ် ကစားရဖို့ ရှိနေပါတယ်။ဒါကြောင့်နာပိုလီတို့ ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ နာပိုလီကွင်းဖြစ်ပေမယ့် ကစားပုံကောင်းမွန်လာတဲ့ အင်တာမီလန်ကိုသာ နှစ်သက်မိပါတယ်။

**လာဇီယို-ဖီအိုရင်တီးနား နံနက် ၀၀း၃၀(၁၀-၃-၁၅)**

လာဇီယိုက ဒီပွဲမတိုင်ခင်မှာ ကိုပါအီတာလီယာကစားဖို့ ရှိပါတယ်။ ဒါပေမယ့် နာပိုလီနဲ့ ကစားခဲ့ရမယ့် လာဇီယိုဟာ အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိပြီး ဖီယိုရင်တီးနားကလည်း ကိုပါအီတာလီယာနဲ့ ယူရိုပါလိဂ်ကစားရဖို့ ရှိနေပါတယ်။ ဒါကြောင့် လာဇီယိုကိုသာ နှစ်သက်ပါတယ်။

**ဂျူဗင်တပ်-ဆာစူအိုလို နံနက် ၂း၃၀(၁၀-၃-၁၅)**

ဂျူဗင်တပ်က ဒီပွဲမတိုင်ခင်မှာ ကိုပါအီတာလီယာဖလားပွဲ ကစားရဖို့ရှိပေမယ့် ရိုးမားနဲ့ အမှတ်ကွာဟမှု လျော့မသွားအောင် ဂရုတစိုက်ကစားသွားဖို့ ရှိနေပါတယ်။ ဆာစူအိုလိုကတော့ အခုနောက်ပိုင်းမှာ ကစားပုံတည်ငြိမ်မှု သိပ်မရှိပါဘူး။ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်မှုပိုမိုတဲ့ ဂျူဗင်တပ်ကသာ နိုင်ပွဲယူသွားမှာပါ။ **(ရှိုင်းမင်းမင်း)**

# နာစတာဆစ်အား ရှော်လ်ကေး ခေါ်ယူလို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းသည် မန်စီးတီး အသင်းမှ အငှားစာချုပ်ဖြင့် လာရောက်ကစားလျက်ရှိသည့် ဆားဘီးယားကြယ်ပွင့် နာစတာဆစ်အား အမြဲတမ်းစာချုပ် ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း ရှော်လ်ကေးအသင်း အထွေထွေမန်နေဂျာ ဟော့ဟဲလ်ဒ်က ပြောကြားခဲ့သည်။

နောက်တန်းကစားသမား နာစတာဆစ်သည် ဇန်နဝါရီလအတွင်းက မန်စီးတီးအသင်းမှ အငှားလာရောက်ကစားသူဖြစ်ပြီး ၎င်း၏အငှားစာချုပ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

သို့ရာတွင် ရှော်လ်ကေးအသင်းကမူ လက်ရှိတွင် ဘွန်ဒက်လီဂါအမှတ်ပေးဇယား၌ အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိပြီး နောက်ခံကစားသမားနာစတာဆစ်အား ရှော်လ်ကေးအသင်းတွင် ဆက်လက်ရှိနေစေလိုသောကြောင့် အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

“ကျွန်တော်တို့အနေနဲ့ အသင်းမှာ အငှားလာကစားတဲ့ နောက်ခံလူ နာစတာဆစ်ကို ခေါ်ယူဖို့ အခွင့်အရေးတွေ ရှိပါတယ်။ အသင်းအတွက် သူကစားပေးခဲ့တဲ့ မိနစ်တွေတိုင်းက သူ့ကို ရှော်လ်ကေးမှာပဲ ဆက်ကစားစေလိုတဲ့ ဆန္ဒတွေဖြစ်လာတာပါ။ ဒါ့ကြောင့် ကျွန်တော်တို့က သူ့ကို အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူဖို့ စီစဉ်နေတာပါ”ဟု ရှော်လ်ကေးအသင်း အထွေထွေမန်နေဂျာက ပြောကြားခဲ့သည်။



လက်ရှိတွင် ရှော်လ်ကေးအသင်း၌ ဒရက်ဇ်လာသည် သီတင်းပတ်ပေါင်းများစွာ အနားယူခဲ့ရပြီး ဂျက်ဖာဆန်ဖာဖန်နှင့် ဂိုရက်ဇ်ကာတို့သည်လည်း ယခုနှစ်ဘောလုံးရာသီစတင်ကတည်းက ဒဏ်ရာပြဿနာများကြောင့် အနားယူခဲ့ရသည်။

ထို့ကြောင့် အသင်းအတွက် ရလဒ်သည် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရပြီး အဆိုပါရလဒ်မကောင်းမှုကို ဖြေရှင်းရန်အတွက် လက်ရှိအငှားဖြင့် လာကစားနေသည့် နာစတာဆစ်ကို ခေါ်ယူရန် ပစ်မှတ်ထားလာခြင်း ဖြစ်သည်။

**(ငွေကြယ်)**

# အာဆင်နယ် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရရှိရန် မဖြစ်နိုင်သေးဟု ဝင်းဂါးဆို



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အာဆင်နယ်အသင်းမှာ ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရယူရန် မဖြစ်နိုင်သေးသော အခြေအနေတစ်ရပ်ဟု ဆိုခဲ့သည်။ အာဆင်နယ်သည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဦးဆောင်သူ ချယ်လ်ဆီးထက် ကိုးမှတ်လျော့နည်းကာ တတိယနေရာ၌ ရပ်တည်နေပြီး ပြိုင်ပွဲပြီးဆုံးရန် ၁၁ ပွဲ လိုသေးသည်။

အာဆင်နယ်သည် နောက်ဆုံးကစားခဲ့သည့် ခုနစ်ပွဲတွင် ခြောက်ပွဲအနိုင်ရရှိခဲ့သော်လည်း ပရီမီယာလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်လောက်သည့် အနေအထားသို့ မရောက်ရှိသေးဟု အသက်(၆၅)နှစ်အရွယ်ရှိ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ဝင်းဂါးက “အခုလက်ရှိအနေအထားမှာတော့ ပရီမီယာလိဂ်ဆုဖလားကို ရယူဖို့ဆိုတာ ဝေးကွာနေဆဲပါပဲ။ ဖလားလုပွဲမှာ ကျွန်တော်တို့အနေနဲ့ ချယ်လ်ဆီးကိုမီဖို့ တော်တော်ကွာဟနေဆဲပါပဲ။ဒါပေမယ့်လည်း ရာသီပိတ်သိမ်းတဲ့အခါကျရင် ဘာတွေဖြစ်လာမလဲဆိုတာ ဘယ်သူက ကြိုသိနိုင်မှာလဲ။ လွန်ခဲ့တဲ့သုံးနှစ်က မန်စီးတီးဆိုရင် မန်ယူရဲ့နောက် ရှစ်မှတ်လောက်အထိ ကွာဟနေခဲ့ပေမယ့်လည်း ချန်ပီယံဆုအတွက် ဘာလို့အရှုံးပေးရမှာလဲဆိုတဲ့ စိတ်မျိုးမွေးမြူပြီး ရာသီပိတ်သိမ်းတဲ့အထိ ပရိသတ်ကိုဆွဲဆောင်ပြီး ကစားနိုင်ခဲ့တယ်”ဟု ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဝင်းဂါးအနေဖြင့် မန်စီးတီးကို ဥပမာယူကာ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းကို ပြိုင်ပွဲပြီးဆုံးသည်အထိ ဖိအားပေးကစားနိုင်ရန် ဆန္ဒရှိနေသည်။ မန်စီးတီးသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက ခြောက်ပွဲသာကစားရန် ကျန်ရှိနေသည့်အချိန်တွင် မန်ယူနောက် ရှစ်မှတ်အထိ ကွာဟခဲ့သော်လည်း ဘောလုံးရာသီအကုန်ထိ ရေကုန်ရေခန်း ယှဉ်ပြိုင်နိုင် ခဲ့သည်။

အာဆင်နယ်အတွက်သတင်းကောင်းတစ်ရပ်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည့် ကျူပီအာနှင့်ပွဲတွင် တံကောက်ကြောဒဏ်ရာမှ ပြန်လည်သက်သာလာကာ ရမ်ဆေးလည်း ပြန်လည်ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။ရမ်ဆေးသည် ဖေဖော်ဝါရီ ၁၀ ရက်က ကစားခဲ့သော လက်စတာအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသောပွဲစဉ်တွင် နောက်ဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှာပင် ပြီးခဲ့သည့်စက်တင်ဘာက စပါးအားတစ်ဂိုး-တစ်ဂိုးစီသရေကျခဲ့သော ပွဲစဉ်တွင်လည်းကောင်း၊ နောက် ခြောက်ပတ်အကြာ ဂါလာကာစာရေးနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လည်းကောင်း ဒဏ်ရာများ ရရှိခဲ့သည်။ **(မေလှဲ့သင်း)**

## ကျေးဇူးတင်လွှာ

၁-၃-၂၀၁၅ ရက် Sedona Hotel တွင် ကျင်းပပြုလုပ်ခဲ့သော Dr. အေးကိုဇင်နှင့် Dr. ဆုမွန်ချယ်တို့၏ မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ရွှေရတီ၊ ခေတ်ဆန်းစကြာရွှေရည်နှင့် မြမြရတနာရွှေဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ် လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ Dinner ဝတ်စုံအား ပြင်သစ်နိုင်ငံမှသယ်ယူပေးပါသော အစ်မ မနေသစ်ဖူးနှင့် Forever Wedding Dress အားလည်းကောင်း၊ပန်းအလှဆင်ပေးပါသော Aroma နှင့် Ethernal အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Aroma နှင့် MRTV-4 အဖွဲ့အားလည်းကောင်း၊ Pre-Wedding ဓာတ်ပုံ ရိုက်ကူးပေးပါသော Seven Picture (Wedding Dress and Photo Studio)တို့အားလည်းကောင်း၊ဖိတ်စာရိုက်နှိပ်ပေးပါသောDagon ပုံနှိပ်တိုက်နှင့် နေလပုံနှိပ်တိုက်တို့အားလည်းကောင်း၊မင်္ဂလာပွဲတက်အစီအစဉ် စီစဉ်ပေးပါသော မသဇင်(Romantic Wedding Plannins Group)အားလည်းကောင်း၊ အစစ အရာရာ ကူညီပေးခဲ့ပါသော ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများအားလည်းကောင်း၊ Sedona Hotel နှင့် Inya Lake Hotel မှ Manager နှင့် ဝန်ထမ်းများအားလုံး အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

**Dr. အေးကိုဇင်-Dr. ဆုမွန်ချယ်**

သစ်ပင်စိုက်ပါ

ဒို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစိုးဝင်း[လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန]-ဒေါ်နွယ်နီဝင်းတို့၏သား၊ ကိုဇော်မိုးမြင့်(Senior Network and Security Engineer, Clear-manage Pte Ltd. S'pore)-ဒေါက်တာနွေးနွေးစိုးဝင်း၊ မနှင်းနန္ဒာစိုးဝင်းတို့၏အစ်ကို

ဒေါက်တာနေသူစိုး

**M.B.,B.S(Ygn)**

**Secretary to Board of Management, Pun Hlaing Hospital**

နှင့်

ရန်ကုန်မြို့နေ [ဦးဂျင်မီထွန်းလွင်-ဒေါ်ဒေစီဘရီ(ခ)ဒေါ်ဖြူဖြူ]တို့၏သမီး၊ ကိုဇော်ဇော်ဟန်(Chief Officer,P.I.L)၊ ကိုယုမင်းတို့၏ ညီမ

မအေးချိုချိုငြိမ်း

**B.A (English)**

**B.Sc(Hons:), C.I.S(London Metropolitan University, UK)**

**Manager (Shwe Taung Property Management Co.,Ltd.)**

တို့သည် ၄-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) တပေါင်းလပြည့်နေ့တွင် Sule Shangri-La Hotel (အင်း၀-တောင်ငူခန်းမ၊ Level-3)၌ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာနေသူစိုး-မအေးချိုချိုငြိမ်း

# ဘောလုံးလောကသတင်းတိုများ

**လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ဗီလာရီးယဲလ်အသင်းမှ အသက်(၂၁)နှစ်အရွယ် တိုက်စစ်မှူး လူစီယာနိုဗီယက်တီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။**

မန်ယူအသင်းသည် ပေါ်တိုညာနောက်ခံကစားသမား ဒန်နီလိုအား ပြောင်းရွှေ့ကြေးပေါင် ၃၇ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**အဲဗာတန်နည်းပြ မာတီနက်ဇ်သည် ဘာစီလိုနာလူငယ်ကွင်းလယ်ကစားသမား ဆာဂျီရောဘတ်တိုအား ခေါ်ယူရန် ချဉ်းကပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**

ဂျူဗင်တပ်အသင်းသည် တိုက်စစ်မှူး တီဗက်ဇ်အား စာချုပ်သစ်ထပ်တိုးချုပ်ဆိုရေး ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းသိရသည်။

**ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ယခုနှစ်ပရီမီယာလိဂ်ဖလားအား ရမှတ် ၉၁ မှတ်ဖြင့် အရယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။** (ငွေကြယ်)

## မကွေး၌ အစာအိမ်ဝေဒနာရှင်အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**မကွေး မတ် ၄**

မကွေးမြို့နယ် ကံလှကျေးရွာတွင် မတ် ၃ ရက် နံနက်ပိုင်းက အမျိုးသား တစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန် သင်ကြားရေးဆေးရုံ(မကွေး)တွင် အစာအိမ်ရောဂါဖြင့် တက်ရောက် ဆေးကုသ နေသော သန်းဇော်ဦး အသက်(၃၅)နှစ် ဝါးခြမ်းကာရွာ တောင်တွင်းကြီး မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး သန်းဇော်ဦးသည် မတ် ၃ ရက် နံနက် ၈ နာရီခွဲတွင် မကွေးမြို့နယ် ကံလှရွာနေ ဦးသိန်းလှိုင်၏ယာခင်းထဲရှိ သရက်ပင်တွင် ကြိုးဆွဲချလျက် ခန္ဓာကိုယ်တွင် သရက်ပင်နှင့် ပွတ်တိုက်ထား သည့် ပွန်းပဲ့ ဒဏ်ရာများ တွေ့ရှိရသည်။ အဆိုပါအမျိုးသား သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ်ဝင်းဇော်လွင်က တရားလိုပြုတိုင်တန်းသဖြင့် မကွေးမြို့ နယ်မြေရဲစခန်း သေမှုသေခင်း အမှတ်စဉ် ၆/၂၀၁၅ အရ အမှုဖွင့်ထားကြောင်း သိရသည်။ **(ကျော်ဇေယျ)**

## ဒီဇယ်ပီပါ ၈၂ လုံးတင်ဆောင်လာသည့် ၁၀ ဘီးယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်သဖြင့် မီးလောင်

**နေပြည်တော် မတ် ၄**

မတ် ၂ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာနှင့် ဝေ့ခါကျေးရွာကြား ကောင်နန်ကုန်းဆင်း၌ စစ်ကိုင်းတိုင်း ဒေသကြီး ကသာမြို့ ရပ်ကွက်(၇)နေ ရှမ်းလေး(ခ)ဇေယျာထွန်း(၂၇)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ တစ်ရပ်တည်းနေ ကိုရှိုင်း(၂၂)နှစ် လိုက်ပါကာ ဒီဇယ်ပီပါ ၈၂ လုံးတင် ဆောင်လာသည့် န/----- Nissan ၁၀ ဘီးယာဉ်သည် ဝေ့ခါကျေးရွာ ဘက်မှ ဆိပ်မူကျေးရွာဘက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်သုံးစီး အား တိမ်းရှောင်ရာက လမ်း၏ဝဲဘက် ၁၀ ပေခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက် မီးလောင်ခဲ့ သည်။

အဆိုပါနေရာသို့ ဖားကန့်မြို့နယ် ဖားကန့်မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဆိပ်မူရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဆိပ်မူအရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ဝိုင်းဝန်းမီးငြိမ်းသတ် ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်း သွားခဲ့ပြီး မီးလောင်မှုကြောင့် ရှမ်းလေး(ခ) ဇေယျာထွန်းသည် မီးလောင်သေဆုံးသွားကာ ကိုရှိုင်းမှာ ယာဉ်တိမ်းမှောက်စဉ် ယာဉ်ပေါ်မှ ခုန်ဆင်းခဲ့သဖြင့် ဒဏ်ရာရရှိမှုမရှိဘဲ ဒီဇယ်ပီပါ ၈၂ လုံး၊ Nissan ၁၀ ဘီး ယာဉ်တို့မီးလောင်၍ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၁၂ သိန်းခန့် မီးလောင် ဆုံးရှုံးခဲ့သောကြောင့် ရှမ်းလေး(ခ) ဇေယျာထွန်းအား ဖားကန့်မြို့မရဲစခန်း ယာဉ်(ပ)၁၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၄-က/၂၈၅ ဖြင့် အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## စခန်းကြီးရေနံမှော်တွင် မီးလောင်မှုဖြစ်ပွား

**သရက် မတ် ၄**

သရက်မြို့နယ် စခန်းကြီးရေနံ မှော်တွင် မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သရက်-မင်းတုန်း ကားလမ်း မိုင်တိုင်အမှတ် (၆/၁) နှင့် (၆/၂) အကြား လမ်း၏မြောက်ဘက် ၁၅ ကိုက်အကွာရှိ တဲနှစ်လုံး၊ စက် ကလပ်ခုံတစ်ခုနှင့် လက်ဆွဲမီးစက် တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ အမှုကို ရဲအုပ်ကျော်လင်း ထွန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ ပြီး မင်းလှမြို့နယ် ရေတွင်းမြောင်း ကျေးရွာမှ အသက်(၂၀)ခန့်အရွယ်ရှိ လူငယ်တစ်ဦးက နံနက် ၉ နာရီ တွင် ၎င်း၏တဲ၌ ထမင်းချက်ပြုတ် စားသောက်ပြီးနောက် ရေတွင်းမြောင်း ကျေးရွာသို့ပြန်သွားခဲ့ကြောင်း၊ အဆိုပါ တဲ မီးကြွင်းမီးကျန်မှတစ်ဆင့် မီး ကူးစက်လောင်ခဲ့ပြီး အခြားတဲသို့ မီး ကူးစက်လောင်ကျွမ်းကြောင်း သိရ သည်။

တရားခံအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် ရဲအုပ်ကျော်လင်း ထွန်းက တရားလိုပြု တိုင်တန်းသဖြင့် သရက်မြို့နယ် မြို့မရဲစခန်းက (ပ)၂၇/၂၀၁၅ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်ထား ကြောင်း သိရသည်။

**(ကျော်ဇေယျ)**

■

## လူကုန်ကူးမှု၊ လူမှောင်ခိုမှုနှင့် ကလေးသူငယ်များဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချ

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုနှင့် UNICEF (Myanmar)တို့၏ ပူးပေါင်း၍ လူကုန်ကူးမှု/ လူမှောင် ခိုမှု/ကလေးသူငယ် ကာကွယ် စောင့်ရှောက်ခြင်း သင်တန်းဖွင့်လှစ် သင်ကြားပို့ချသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မကွေးခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပ သည်။



အခမ်းအနားတွင် မကွေးခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက သင်တန်းအဖွင့်အမှာစကား ပြော ကြားပြီး တပ်ဖွဲ့စုမှူး ဒုရဲမှူးဦးလှဦးက လူကုန်ကူးမှု သမိုင်း၊ ရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်၍ လူကုန် ကူးမှုဖြစ်ပွားရခြင်း အကြောင်းအရင်း များအပေါ် အခြေခံကာလူကုန်ကူးမှု၊ လူမှောင်ခိုနှင့်ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊TIER-2 Watch List နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ အဆင့်အတန်းသတ်မှတ်ထားသော လေးမျိုးအားထပ်ဆင့်ရှင်းလင်းခြင်း၊ TIER ဖြေရှင်းခြင်းဆိုင်ရာစံနှုန်း(၁၀) ချက်တို့အား ရှင်းလင်းဆွေးနွေး ပို့ချခြင်း၊ ရဲအုပ် ခင်နွေဝင်းက ကလေး သူငယ်များဆိုင်ရာများပို့ချဆွေးနွေး ခြင်း၊ ဒုရဲအုပ်မြတ်နောင်ဆိုးက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများအား ပို့ချဆွေးနွေးခြင်း၊ ဒုရဲအုပ်စောအောင် သောင်းက အလုပ်အကိုင်အခွင့်အ လမ်းများနှင့်ပတ်သက်၍ ပို့ချဆွေးနွေး ခြင်း၊ ဒုရဲအုပ်ကျော်သူရက ရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်၍ သိကောင်းစရာများ ပို့ချဆွေးနွေးခြင်း များ ပြုလုပ်ခဲ့ကြပြီး တက်ရောက်လာ သည့် သင်တန်းသား ကျောင်းသူ များကလည်း ၎င်းတို့၏အတွေ့အကြုံ များနှင့် အပြန်အလှန် မေးမြန်းချက် များအပေါ် ပြန်လည်ဆွေးနွေး ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ မကွေးတိုင်း ဒေသကြီးအတွင်းရှိ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်တို့မှ ရပ်ကွက်/ကျေးရွာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ စောင့် ကြည့်အဖွဲ့ဝင် ငါးဦးစီနှင့် စုစုပေါင်း သင်တန်းသား ၅၇ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

## Minibus ယာဉ် တိုင်းလော့ပြတ်ပြီး တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား တိုက်မိ၍ ကလေးငယ်တစ်ဦး သေဆုံး

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၊ ချက်ကန်ကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်းတွင် မတ် ၃ ရက် ညနေ ၆ နာရီခန့်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း ချက်ကန်ရွာနေ ဦးမြင့်အောင်မှ တယ်လီဖုန်းဖြင့် အကြောင်းကြား ချက်အရ ပေါက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူသွား ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ် (၃၆၉/၃) နှင့် (၃၆၉/၄) အကြားတွင် မုံရွာမှရွှေစက်တော်သို့ ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ အမှတ် (၄) ရပ်ကွက်နေ စိုးသန်း(၆၁)နှစ်မောင်းနှင်သည့် 5F/---၊ AMANDLA Minibus အမျိုးအစား အဖြူရောင်ယာဉ်သည် တိုင်းလော့ပြတ်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ ကာ ပေါက်မြို့နယ်၊ ထန်းတောလယ်ကျေးရွာမှ ဘုရားတောင်ဘုရားပွဲသို့ လာရောက်သော အောင်ကို (၁၈)နှစ်မောင်းနှင်ပြီး နောက်မှ ဇနီးဖြစ်သူ မစုဌေးလှိုင် (၂၁) နှစ်နှင့် သမီးဖြစ်သူ မမိုးသက်ဖြူ (၁၀)လအရွယ်တို့လိုက်ပါ လာသော ၂၈ယ/------၊ BEFCOB-12 ဖြူနီကြားရောင် ဆိုင်ကယ်အားတိုက်မိ၍ အောင်ကိုနှင့် မစုလှိုင်ဌေးတို့တွင်ဒဏ်ရာများရရှိပြီး မမိုးသက်ဖြူမှာ သေဆုံး ခဲ့ကြောင်း သိရသည်။

ယာဉ်အားမဆင်မခြင်မောင်းနှင်သူ စိုးသန်း (၆၀)နှစ်အား ပေါက်မြို့နယ်၊ မြို့မရဲစခန်း ယာဉ်(ပ) ၁/၂၀၁၅ ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈/၃၀၄-က အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ခင်မာလာ(မကွေး)**

## ကျောက်ခမောက်ဘုရားပွဲတော်သွားစဉ် ပခုံးချင်းတိုက်မိသည်ကို မကျေနပ်၍ ဓားထိုးမှုဖြစ်

**စေတုတ္တရာ မတ် ၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက် ရွာသစ်ရပ်နေ အောင်လင်းစိုး (၁၉)နှစ်သည် မတ် ၃ ရက် ည ၁၀ နာရီခွဲက ကျောက်ခမောက်ဘုရားပွဲသို့ တစ်ရပ်ကွက်တည်းနေ ဟန်သိန်း ၊ မျိုးမင်းလတ်၊ အောင်ဇေယျာဦး၊ သက်ကိုကျော်တို့နှင့်အတူ ပွဲကြည့်ရန် ပွဲခင်းမှ ဇာတ်ပွဲရုံသို့သွားစဉ် လမ်းတွင်လူသုံးဦးနှင့် ပခုံးချင်းတိုက်မိပြီး တောင်းပန် ခြင်းမရှိဘဲ ဆက်လက်သွားခဲ့ရာ ၎င်းလူသုံးဦးက မကျေနပ်၍ နောက်မှလိုက်လာပြီး ကိုဦးကွမ်းယာဆိုင်အနီးအရောက်တွင် ဓားဖြင့်ထိုး ကျောက်ခဲနှင့်ထုမှု ဖြစ်ပွားခဲ့သည်။

အောင်လင်းစိုးတွင် နဖူးဝဲဘက်တစ်လက်မခန့် ဖူးရောင်ဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ)၊ ဟန်သိန်းတွင် ရင်ညွန့်အောက်တည့်တည့် နှစ်လက်မခန့် ထိုးသွင်းဒဏ်ရာတစ်ချက် (စိုးရိမ်ရ)နှင့် မျိုးမင်းလတ်တွင် ယာဘက်ခါးဆစ်ရိုး အထက် ထိုးသွင်းဒဏ်ရာတစ်ချက်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် အောင်လင်းစိုးက တရားလိုပြုတိုင်တန်းသဖြင့် စေတုတ္တရာမြို့နယ် မြို့မရဲစခန်းက (ပ) ၁၀/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅/၃၂၆/၁၁၄ အရ အမှုဖွင့်ထားကြောင်း သိရ သည်။ **(ကျော်ဇေယျ)**

ရွှေထီပိတ်တန်း၊ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ) | ကျိုက်ထီးရိုး (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ) | ငွေဆောင် (သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ဆမ့်စမ်းလှိုဏ်ဂူ(သောကြာ) | စီးလုံးငှားလက်ခံသည်
01-701015.01-710436.09-5403844.09-5044830

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/၆၁၊ မြေကွက် အမှတ်-၂၅၀၄၊ ဧရိယာ(၄၅ပေ×၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက် အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးထွန်းဝင်း[၁၂/သကတ(နိုင်)၁၁၄၇၄၆]က အမည်ပေါက်၍ ဦးကျော်ဘိုဘိုထွဋ်[၁၁/ဂမန (နိုင်) ၀၃၅၈၃၇]မှ ဝယ်ယူပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ(**LL.B,D.B.L**) ဒေါ်ခင်မာနွယ်(**LL.B,D.B.L**)
ဒေါ်နွယ်နွယ်ထွန်း(**LL.B,D.I.L**) ဒေါ်ဟန်သီစိုး(**LL.B,IDCS,IADCS**)

အထက်တန်းရှေ့နေများ
**Royal Ruby Law Firm**
အမှတ်(၁၂၇/အေ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

## အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် ဒုတိယအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲ (2nd Expert Round Table Meeting)ကျင်းပမည်

ပထမအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲ ရလဒ်များနှင့် ထပ်မံဖြည့်စွက်အကြံပြုချက်များ၊ စာဖြင့်ရေးသားပေးပို့သည့် အကြံပြု ဝေဖန်ချက်များအပေါ် ဆွေးနွေးရန် ဒုတိယအကြိမ် ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲကို ၉-၃-၂၀၁၅ရက်မှ ၁၁-၃-၂၀၁၅ရက်အထိ ရန်ကုန်မြို့၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ အနေဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးလိုပါက ဦးတင်မောင်သန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၄၂၈၊ ၀၉-၂၆၀၁၁၄၁၅၅၊ Fax:၀၆၇-၄၀၅၄၂၈နှင့် ၀၆၇-၄၀၅၄၂၇၊ e-mail:luasc.myanmar@gmail.com သို့ဆက်သွယ်ပြီး အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် မတက်ရောက်နိုင်ပါကလည်း အင်တာနက်စာမျက်နှာ http://www.fdmoecaf. gov.mm/law တွင် ဖတ်ရှုလေ့လာပြီး အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်၊ ဝေဖန်သုံးသပ်ချက်များ ပေးပို့နိုင်ပါသည်။

## ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ ခိုးမှုထပ်မံဖော်ထုတ်နိုင်

**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ် ပြည်ကြီးတံခွန် မြို့မ ရဲစခန်း(ပ)၆၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉ အမှုမှ ပြစ်မှုကျူးလွန်သူ ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကျေးရွာနေ ဖိုးဇော်(၂၇)နှစ်အား မတ် ၂ ရက် နံနက် ၉ နာရီခွဲက မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဖိုးဇော်သည် လွန်ခဲ့သောတစ်လခန့်က ချမ်းမြ သာစည် မြို့နယ် (၆၈)လမ်း၊ ခိုင်ရွှေဝါ လမ်းနှင့် ဒေလီယာလမ်းကြား၌ ရပ် ထားသည့် CZI-125 ဆိုင်ကယ် တစ်စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေး သိရှိရ၍ သက်သေခံပစ္စည်းသိမ်းဆည်း ပြီး ၎င်းအား အမှတ်(၁၁)နယ်မြေ ရဲစခန်း (ပ)၇၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉/ ကျင့် ၅၄ ဖြင့် ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

မြန်မာငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)မှ ကြီးမှူးကျင်းပမည့် Myanmar Share Investment Seminar တစ်ရပ်ကို ၇-၃-၂၀၁၅ ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ၄နာရီအထိ ရန်ကုန်မြို့ Park Royal Hotelတွင် ကျင်းပမည်ဖြစ်ပါသည်။ ဟောပြောမည့် ခေါင်းစဉ်များမှာ-
(၁) Keynote Speech by HE.Dr.Maung Maung Thein,
Dy.Minister for Ministry of Finance, Chairman(SECM)
(၂) Introduction for IPO in Myanmar
(၃) Outline of Yangon Stock Exchange & Trading Rules
(၄) Share Investment Opportunities တို့ဖြစ်ပြီး မြန်မာငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တိုကျိုစတော့အိတ်ချိန်း၊ DIR သုတေသန နှင့် MSECတို့မှ တာဝန်ရှိသူများမှ ဟောပြောမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများ အနေနှင့် အမည်၊ အလုပ်အကိုင်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များကို msecygn@gmail.comတို့လည်းကောင်း၊ ဖုန်းအမှတ်-01-387032သို့ လည်းကောင်း၊ ၆-၃-၂၀၁၅ ရက် နောက်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။ (ဝင်ကြေး-အခမဲ့)

# တက္ကသိုလ်ဝင်တန်းဖြေမည့်ကျောင်းသားအချို့အင်္ဂလိပ်ဘာသာအတွက်စိုးရိမ်ပူပန်

**နေပြည်တော် မတ် ၄**

လာမည့် ရက်ပိုင်းအတွင်း တက္ကသိုလ်ဝင်တန်းစတင်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများသည် ဖြေဆိုမည့် ဘာသာများထဲမှ အင်္ဂလိပ်စာဘာသာရပ်အတွက် စိုးရိမ်ပူပန်မှုရှိနေသေးကြောင်း တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အချို့က ပြောသည်။

၎င်းတို့အနေဖြင့် အင်္ဂလိပ်စာဘာသာရပ်မှာ ငယ်စဉ်ကတည်းက လေ့ကျင့်မှုအားနည်းခဲ့ကာ ယခုတက္ကသိုလ်ဝင်စာမေးပွဲကြီးဖြစ်သောကြောင့် စိုးရိမ်မှုလွန်ကဲနေကြောင်း သိရသည်။

"အခု စာမေးပွဲဖြေဆိုမယ့် ရက်ကလည်း အရမ်းနီးကပ်နေတယ်။ အင်္ဂလိပ်စာ ဘာသာရပ်အတွက် အဓိက Prepare လုပ်ရမယ့် အရာကတော့ မေးခွန်းနံပါတ် (၃)-က Completion Question Type အတွက်ပဲ ဖြစ်တယ်။ ကဗျာ ၅ မှတ်ဖိုးနဲ့ Text Book ထဲက Paragraph တွေကို ကွက်လပ်ဖောက်ပြီး ငါးမှတ်ဖိုး ဖြေဆိုရမယ့် memory test ပုံစံမျိုးဖြစ်တယ်။ဒါက ကျိန်းသေပေါက်ရမယ့် အမှတ်ဖြစ်တယ်။ ရက်တိုတိုအတွင်းမှာ အားလုံးကို Review လုပ်ဖို့ကျတော့ မလွယ်ဘူး။ အမှတ်ကောင်းကောင်းလိုချင်တယ်ဆိုရင်တော့ "Text Book" ကို ထပ်ခါထပ်ခါ ဖတ်ဖို့လိုတယ်။ ကျက်တာမဟုတ်ဘူး။ ဖတ်ရမှာဖြစ်တယ်။

"အဲ့လိုဖတ်တဲ့နေရာမှာ ဝတ္ထုဖတ်သလိုမျိုး အကြောင်းအရာလေးနဲ့ ဆက်နွယ်ပြီး ဖတ်သွားမယ်။ နောက်ပြီး Spelling နဲ့ Meaning လေးတွေကို သေချာကြည့်သွားမယ်ဆိုရင် Spelling လည်းမှတ်မိမယ်။ Meaning လည်း မမေ့တော့ဘူး။ တစ်ချိန်တည်းမှာ မေးခွန်းနံပါတ် (၇) က Grammar လို့ခေါ်လေ့ရှိတဲ့ Stylistic Transformation အတွက်လည်း ရမှာဖြစ်တယ်။ ဒီမေးခွန်းနံပါတ် ခုနစ်က ၁၀မှတ်ဖိုး မေးထားတာဖြစ်တယ်။

"ဖြေဆိုမယ့် ကျောင်းသားကျောင်းသူတွေက နှစ်စကတည်းက လုပ်နေရတဲ့ Grammar လည်းဖြစ်တယ်။ အရမ်းလည်းလွယ်တော့ မေ့သွားတတ်ကြတယ်။ဒါကြောင့် ကျောင်းသားကျောင်းသူတွေအနေနဲ့ မေးခွန်းဟောင်းတွေကို ဖြေကြည့်ဖို့လိုပါတယ်။ ဒါမှသာ ကိုယ်မေ့နေတဲ့ Grammar ကိုသိပြီး ပြန်ပြီး Recall ပြန်လုပ်နိုင်မှာဖြစ်တယ်။ ဒါဟာ Language Skill နဲ့ မဆိုင်ပါဘူး။ ကျန်တဲ့မေးခွန်းနံပါတ် ၈၊၉အတွက်ကတော့ Essay and Letter Writing ပါပဲ။ဒါက Practice လုပ်ဖူးတာနဲ့ Language Skills နဲ့ဆိုင်ပါတယ်" ဟု Myanmar Imperial College မှအင်္ဂလိပ်စာ ဆရာမ ဒေါ်ရတနာထက်ထက်ကျော်က အင်္ဂလိပ်စာ သာသာရပ်အတွက် အခက်အခဲကြုံနေသည့် ကျောင်းသားကျောင်းသူများအတွက် အကြံပြုပြောပြသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုရမည့် ကျောင်းသူတစ်ဦးက ၎င်းမှာ ဝိပ္ပံတွဲဘာသာရပ်ကိုယူထားပြီး အင်္ဂလိပ်စာဘာသာရပ်မှာ ၎င်းအတွက် အတန်းငယ်စဉ်စတင်ပြီး ယခုအထိ ငယ်ကြောက်ဘာသာရပ်ဖြစ်ခြင်းကြောင့် စိုးရိမ်ပူပန်နေရကြောင်း ပြောသည်။

"သမီးကတော့ အင်္ဂလိပ်စာ၊သင်္ချာနဲ့ဘောဂဗေဒ ဘာသာတွေကို သိပ်အားမရဘူး။ကျန်တဲ့ဘာသာတွေကတော့ သမီးအတွက် အခက်အခဲမဖြစ်နိုင်ဘူးလို့ထင်တယ်။ ဖြေရမယ့် ရက်နဲ့ ကျက်ရမယ့်ဘာသာတွေကို ချိန်ကြည့်လိုက်တော့ အင်္ဂလိပ်စာဘာသာအတွက် ရက်ကနည်းနေတယ်"ဟု ၎င်းက ပြောပြသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသူမနန္ဒကလည်း ၎င်းမှာ သိပ္ပံတွဲ ယူထားသည့် ကျောင်းသူတစ်ဦးဖြစ်ကာ ၎င်းအနေဖြင့် နှစ်စကပင် ဘာသာရပ်အလိုက် ရက်သတ်မှတ်ချက်ဖြင့် ကျက်မှတ်လာခဲ့သောကြောင့် ဘာသာရပ်အားလုံးကို ကျေညက်နေပြီဖြစ်သော်လည်း အင်္ဂလိပ်စာသာသာရပ်မှာ ၎င်းအတွက် စိတ်မအေးသေးဘဲ ရက်နီးကပ်သည့်အချိန်အထိ လေ့လာနေရသေးကြောင်းပြောသည်။

"ရူပဗေဒနဲ့ ဓာတုဗေဒဘာသာရပ်တွေကို တော့အကုန်ရနေပြီ။ အင်္ဂလိပ်စာကိုတော့ နည်းနည်းစိုးရိမ်နေပါသေးတယ်" ဟု မနန္ဒာက ဆက်လက်ပြောသည်။

"ရက်တိုတိုအတွင်း ကျင့်ဖို့တော့ မတိုက်တွန်းလိုပါဘူး။ တကယ်လို့ Text Book ကိုလည်း ပိုင်ပိုင်နိုင်နိုင်ရှိနေပြီ။ Grammar လည်း ကျေညက်နေပြီ ဆိုရင်တော့ သူများရေးထားတဲ့ Essay,Letter လေးတွေ ဖတ်နေသင့်ပါတယ်။ စာကျက်လို့ငြီးငွေ့နေရင် Essay လေးတွေဖတ်ရင်း Relax လည်းဖြစ်တယ်။ သူတို့ရဲ့ Flow လေးတွေလည်း မိနေတော့ ကိုယ်ပြန်ရေးရတာ လွယ်ကူသွားလိမ့်မယ်" ဟု Myanmar Imperial College မှ အင်္ဂလိပ်စာ ဆရာမဒေါ်ရတနာထက်ထက်ကျော်က ဆက်လက်အကြံပြုပြောသည်။

**(စန္ဒာဝင်း)**



# UK နှင့် Australia ရှိတက္ကသိုလ်များမှ B.Sc (Hons) in Biomedical Science ဘွဲ့ကိုစင်ကာပူတွင်တက်ရောက်နိုင်




**နေပြည်တော် မတ် ၄**

တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားသူများအနေဖြင့် စင်ကာပူ PSB Academy ၏ အထင်ကရ မေဂျာတစ်ခုဖြစ်သော Australia La Trobe University မှ တိုက်ရိုက်ချီးမြှင့်သည့် B.Sc (Hons) in Biomedical Science ကိုစင်ကာပူနိုင်ငံတွင် တက်ရောက်နိုင်ကြောင်းသိရသည်။

စင်ကာပူနိုင်ငံရှိ Psb Academy သည် စင်ကာပူအစိုးရမှ ချီးမြှင့်ထားသော 4-years EduTrust ဆုကို ရရှိထားပြီး စင်ကာပူနိုင်ငံ၏ လူကြိုက်အများဆုံး နံပတ်သုံးနေရာတွင် ပုဂ္ဂလိကကျောင်းအဖြစ်သုံးနှစ်ဆက်တိုက် သတ်မှတ်ခြင်းခံရသည့် ကျောင်းတစ်ကျောင်းဖြစ်သည်။

ကျောင်းဝင်းထဲ၌ အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ရေးခန်းမများ၊ စာအုပ်ဆိုင်များ၊ Canteen များ၊ အင်ဂျင်နီယာနှင့် သက်ဆိုင်သော လက်တွေ့ခန်းများ၊ ဆေးပညာနှင့်ဆိုင်သော လက်တွေ့ခန်းများ၊ IT Lab များအစရှိသော ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများနှင့် Business, Engineering, IT, Tourism & Hospitality, Life Science & Biomedical ဘာသာရပ်များကို နိုင်ငံတကာ အဆင့်မြင့်သင်ကြားပေးလျက်ရှိပါသည်။

ထို့ပြင် UKရှိ Coventry University, Edinburgh Napier University, University of London, Australia ရှိ University of Newscastle, La Trobe University, University of Wollongong အစသော တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသောကြောင့် ကျောင်းပြီးပါက ဘွဲ့ရကျောင်းသားအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှုန်း အထူးမြင့်မားသော ကျောင်းတစ်ကျောင်းလည်းဖြစ်သည်။

ယင်း PSB Academy တွင် သင်ကြားပို့ချသော နိုင်ငံခြားတက္ကသိုလ်များ၏ အဆင့်မီဘာသာရပ်များကို တက်ရောက်ဆည်းပူးလိုသော ကျောင်းသားများသည် အခြေခံပညာအထက်တန်းအဆင့် (သို့) IGCSE ကို သင်ယူပြီး မြောက်ရန် လိုအပ်ပြီး IELTS ၅ ဒသမ ၅ ရရှိထားရမည်ဖြစ်သည်။ ဆယ်တန်းအောင်မြင်ပြီးထားသူများသည် Diploma (Year-1) မှ စတင်တက်ရောက်ရန် လိုအပ်ပြီး ကျန်ရှိသော Bachelor Year အတွက် Singapore Campus ဒါမှမဟုတ် UK နှင့် Australia ရှိ တက္ကသိုလ်များသို့လည်း ဆက်လက်တက်ရောက်နိုင်သည်။

PSB Academy ၏ Diploma Program များကို မြန်မာနိုင်ငံတွင် လုံးဝ ဖွင့်လှစ်ထားခြင်းမရှိဘဲ Singapore Campus သို့သာ သွားရောက်ပညာသင်ကြားရမည်ဖြစ်သည်။

ကျောင်းသားများ၏ ပညာအရည်အချင်း ရမှတ်ပေါ်မူတည်ပြီး ဘာသာရပ် ကင်းလွတ်ခွင့်များကိုလည်း လျှောက်ထားနိုင်သည်။

တက်ရောက်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများ လပြည့်ဝန်းတာဝါ ပထမထပ်ရှိ EDUVISION Worldwide Education Specialist ၀၉-၂၅၃၄၀၀၀၅၅၊ ၀၉ ၂၅၃၄၀၀၀၆၆သို့ စာရင်းပေးသွင်းနိုင်သည်။

**စန္ဒာဝင်း**

## ပဲခူးမြို့အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူရည်ချွန်နှင့် စွမ်းရည်ထူးချွန် သူ ကိုးဦးထွက်ပေါ်

**ပဲခူး မတ် ၄**

ပဲခူးတိုင်းဒေသကြီးပဲခူးမြို့ ယခင်အမျိုးသားတန်းမြင့်ကျောင်း(နေရှင်နယ်) ယခု အထက (၃) ကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထူးခြားစွာဖြင့် ဘက်စုံထူးချွန်လူရည်ချွန်ကျောင်းသားကျောင်းသူ ခြောက်ဦးနှင့် နိုင်ငံတော်အဆင့်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသားကျောင်းသူ သုံးဦးစုစုပေါင်း ကိုးဦးပေါ် ထွက်လာခဲ့သည်။

လူရည်ချွန် ခြောက်ဦးတွင် ဒသမတန်းမှ မောင်ထက်လင်းအောင်၊ မနှင်းနန္ဒာအောင်၊ နဝမတန်းမှ မသဥ္ဇာဆွေတို့ သုံးဦးသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း လူရည်ချွန်တစ်ကြိမ်ရရှိခဲ့ပြီးယခု တစ်ကြိမ်နှင့်ဆိုပါက နှစ်ကြိမ်နှစ်ထပ်ကွမ်းလူရည်ချွန်များဖြစ်ကြသည်။

နဝမတန်းမှ မောင်အောင်ကောင်းမြတ်၊ အဋ္ဌမတန်းမှ မကေသရီဝင်းလွင်၊ မောင်ဟန်လင်းဇော်တို့သုံးဦးသည်ယခုနှစ်ပညာသင်နှစ်တွင် ထပ်မံရရှိခြင်းဖြစ်သည်။

နိုင်ငံတော်အဆင့်စွမ်းရည်ပြိုင်ပွဲတွင်အဋ္ဌမတန်းမှ မဆုထက်ထက်လွင်က သင်္ချာစွမ်းရည်ဖြင့်ပထမဆု၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပဥ္စမတန်းမှ မဖြိုးသက်သက်လွင်က တတိယဆုနှင့်သတ္တမတန်းမှ မမြမိုးပွင့်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပဲခူး)**

## Myanmar International Education and Career Fair 2015 ကျင်းပမည်

**နေပြည်တော် မတ် ၄**

နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် Myanmar National Education and Career Fair 2015ကို တပ်မတော်ခန်းမတွင် မတ် ၆ရက်မှ ၈ ရက် အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပြပွဲတွင် နိုင်ငံခြားတွင် ကျောင်းတက်မည့်သူများ သိသင့်သိထိုက်သည့် အချက်များနှင့် ပတ်သက်သည့် ပညာရေးဟောပြောပွဲများ ပညာသင်ဆုလျှောက်ထားလို သူများအတွက် UK၊ USA၊ Singapore၊ Malaysia၊ Thailand၊ Japan၊ Australia၊ New Zealand၊ Canda စသည့် နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ ပါဝင်မည်ဖြစ်ပြီး လာရောက်စုံစမ်းသူများအတွက် ပရိုမိုးရှင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ထိုအပြင် Application Fees ကင်းလွတ်ခွင့်များကိုလည်း လျှောက်ထားနိုင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ဆွေးနွေးနိုင်ကြောင်းသိရသည်။

**လပြည့်**

# အရှိန်ရလာသည့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၏ ပြုပြင်ပြောင်းလဲမှုများ

**à နိုင်လင်း(စက်မှု)**

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းသည် စက်မှုဝန်ကြီးဌာန၏ စက်မှုကဏ္ဍဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် ခေတ်မီစိုက်ပျိုးရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြိုးပမ်းရန်နှင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းလုပ်ပိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းမှုများရအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ စီးပွားရေးတွက်ခြေကိုက်စေမည့် ကျစ်လျစ်သည့် စက်မှုလုပ်ငန်းများအဖြစ် အကျိုးအမြတ် ဖြစ်ထွန်းမှုများရရှိနိုင်ရန်အတွက်လည်း အသွင်ကူးပြောင်းလာသောဒီမိုကရေစီစနစ်၏ စီးပွားရေးပုံစံဖြစ်သည့် ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ကာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ကို ဦးစားပေးလုပ်ဆောင်ရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ထုတ်လုပ်မှု အားကောင်းသော ပုဂ္ဂလိကစီးပွားရေးအလျင်အမြန် တိုးတက်ဖွံ့ဖြိုးစေရန် ပုဂ္ဂလိကပိုင်းက လုပ်ကိုင်နိုင်မည့် စက်မှုလုပ်ငန်းများကို အချိတ်အဆက်မိမိ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတာဝန်ယူပြီးနောက် စက်မှုဝန်ကြီးဌာန လက်အောက်တွင် နိုင်ငံပိုင်လုပ်ငန်းများကို လုပ်ငန်းသဘာဝနှင့် ထုတ်ကုန်ပစ္စည်းတူညီသည်များပေါင်းစည်း၍ စက်မှုလုပ်ငန်းစုများအဖြစ်မှ စက်မှုလုပ်ငန်းကော်ပိုရေးရှင်းများအဖြစ်သို့ တည်ထောင်ခဲ့ပါသည်။စက်မှုဝန်ကြီးဌာနကိုလည်း အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂) အကြီးစားစက်မှုဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုခွဲခြားသတ်မှတ်ခဲ့ပါသည်။ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းဖြစ်လာမည့် ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းကို ၁၆-၃-၁၉၇၂ ရက် တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းသို့ ဖွဲ့စည်းစဉ်ကကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း လက်အောက်တွင် စက်ရုံကိုးရုံသာရှိခဲ့ပြီး ဝန်ထမ်းအင်အား ၄၂၉၇ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းကို မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းအဖြစ် အမည်ပြောင်းလဲခဲ့ပါသည်။ လက်ရှိပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် တာဝန်ယူစဉ်ကာလတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂) အကြီးစားစက်မှုဝန်ကြီးဌာနကို ပြန်လည်ပေါင်းစည်းပြီး စက်မှုဝန်ကြီးဌာနအဖြစ် ၄-၄-၂၀၁၂ ရက်မှစ၍ ဖွဲ့စည်းခဲ့ပါသည်။ စက်ရုံပေါင်း ၂၅ ရုံထိ ထူထောင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသောစက်ရုံ ၁၁ ရုံနှင့် ဖျက်သိမ်းစက်ရုံ တစ်ရုံ စုစုပေါင်း စက်ရုံ ၁၂ ရုံလျှော့နည်းခဲ့ပြီး ကျန်သော စက်ရုံ ၁၃ ရုံကို လုပ်ငန်းသဘာဝတူညီသည့် စက်ရုံအချင်းချင်းပေါင်းစည်းလျက်အကြီးစားစက်ရုံခြောက်ရုံအဖြစ် ဖွဲ့စည်းခဲ့သည့်အပြင် ဝန်ကြီးဌာနအတွင်း ထပ်မံလွှဲပြောင်းပေးသော အကြီးစားစက်ရုံ သုံးရုံပါဝင်လျက် အကြီးစားစက်ရုံကိုးရုံအဖြစ် ဝန်ထမ်းအင်အား ၈၀၆၇ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁-၄-၂၀၁၄ရက်မှစ၍ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

အဓိကထုတ်ကုန်ပစ္စည်းများအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းသုံးထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာသုံးအထောက်အကူပြု ထုတ်ကုန်ပစ္စည်းများကိုအကြီးစားစက်ရုံများဖြစ်ကြသည့် သရက်၊ ကြံခင်း၊ ကျောက်ဆည် (စက်ရုံနှစ်ရုံ)၊ သာယာဝတီ၊ ချောက်၊ ဆင်တဲ၊ မလွန်နှင့် အင်းကုန်းစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအဖြစ် ဘိလပ်မြေ၊ ဘိလပ်မြေထွက် အမိုးပြားနှင့် မျက်နှာကြက်ပြားများ၊ အဆင့်မြင့်မီးခံအုတ်နှင့်အလှဆင်ကျောက်ပြားများ၊ ပန်းကန်ခွက်ယောက်အမျိုးမျိုး၊ ရေအိမ်သုံးနှင့် ကြွေထည်ပစ္စည်းအမျိုးမျိုး၊ အလှဆင်ကြွေပြားအမျိုးမျိုး၊ ပေ့ါပါးခိုင်ခံ့သော ပေါင်းခံလေကွန်ကရစ်အုတ်နှင့် ဖိနှိပ်ခံလေကွန်ကရစ်အုတ်များ၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းစီမံကိန်းများအတွက် ဗို့အားမြင့် သံထည်ကူကြွေသီး အရွယ်စုံ အမျိုးမျိုး၊ မှန်ကြည်၊အရောင်မှန်၊ ကြည့်မှန်နှင့် အားဖြည့်မှန်အမျိုးမျိုး၊ လေကာလွှာထပ်မှန်နှင့် အထူးလွှာထပ်မှန် အမျိုးမျိုး ထုတ်လုပ်ပေးပါသည်။

လယ်ယာသုံးအထောက်အကူပြု ထုတ်ကုန်ပစ္စည်းများအဖြစ် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရိတ်သိမ်းချိန်မတိုင်မီ၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် အချိန်အခါများ၌ အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာ၊ လက်သုံးကိရိယာများ၊ ကောက်စိုက်စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်ကြီးများ၊ ဆန်စက်ငယ်များ၊ မြေပြုပြင်ရေးအတွက် လမ်းကြိတ်စက်များနှင့် အခြားသော ဆက်စပ်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းအမျိုးမျိုး ထုတ်လုပ်ပေးပါသည်။

ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ၈-၃-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် အခန်း ၁၄ ခန်းပါ ပြည်ထောင်စုလွှတ်တော်၏ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ၂၆-၃-၂၀၁၄ရက်တွင် ထုတ်ပြန်သည့်အခန်း ၂၅ ခန်းပါ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။



အမှတ်(၁၆)အကြီးစားစက်ရုံ(ကျောက်ဆည်)။

> **ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေးအတွက် တိုးတက်ပြောင်းလဲမှုများကိုပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုရှိခြင်း၊ စွမ်းဆောင်ရည်ထိရောက်ခြင်း၊ ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် . . . .**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အဆင့်မြင့်နည်းပညာရပ်တွင် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားပြီး အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ ဖြစ်ပေါ်စေရန်နှင့် နည်းပညာအထောက်အပံ့များရရှိရန် ဌာနတွင်းနှင့်ဝန်ကြီးဌာနအတွင်းဖွင့်လှစ်သည့် သင်တန်းများ၊ စက်မှုသင်တန်းကျောင်းများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ ဝန်ထမ်းများစေလွှတ်ပြီး ဘာသာရပ်အသီးသီးအလိုက် လေ့ကျင့်သင်ကြားမှုအစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မကြာသောအချိန်ကာလတွင် ပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များပြည့်မီလျက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအဖြစ် ဖန်တီးပေးမည့် e-Government စနစ်ကို ဝန်ထမ်းများကိုယ်တိုင်ပါဝင်ပြီး လက်တွေ့ထိရောက်စွာ ချိတ်ဆက်အသုံးပြုနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ e-Government နှင့်သင့်တော်ကိုက်ညီမည့်ဥပဒေ၊ နည်းဥပဒေသစ်များလည်းပေါ်ပေါက်လာမည်ဖြစ်ရာ ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် ပြည်သူများအတွက် တူညီသော အစိုးရ၏ဝန်ဆောင်မှုများ ပေးစွမ်းရန်အတွက် ပိုမိုပွင့်လင်းမြင်သာမှုများရရှိပြီး ယုံကြည်မှု၊ကျေနပ်မှုများ တိုးတက်ဖြစ်ထွန်းစေပါမည်။

ဘဏ္ဍာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒလေးရပ်အနက် တစ်ရပ်ဖြစ်သော စာရင်းအင်းကိန်းဂဏန်းများအရည်အသွေးပြည့်ဝရေး အချက်ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေး စီမံကိန်းများကို လျာထားဆောင်ရွက်ရာ၌ ရေတိုအတွက် အကျိုးဖြစ်ထွန်းမည့်စီမံကိန်းများကိုဦးစားပေးပြီး ရေရှည်အကျိုးရှိသော စီမံကိန်းများကိုမျှတစွာ ထည့်သွင်းစီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ်လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကိုနှစ်အလိုက် လွှဲပြောင်းပေးမည့် အစီအမံများအဖြစ်ထည့်သွင်းလျာထားဆောင်ရွက်လျက် ရှိပါသည်။ ယင်းလုပ်ငန်းစီမံကိန်းများသည်ဖြစ်မြောက်နိုင်စွမ်းရှိမရှိ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြုနှင့် ပတ်ဝန်းကျင်ကိုထိခိုက်မှုရှိမရှိ ဘက်ပေါင်းစုံမှ တွက်ချက်ထားရန် လိုအပ်ပါသည်။

ကာလတို၊ ကာလရှည် အစိုးရ၏ရငွေ၊သုံးငွေများကို အခြေခံ၍ ရသုံးမှန်းခြေငွေစာရင်းများရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားသုံးငွေ၊ ဝန်ထမ်းအင်အား၊ ရင်းနှီးပစ္စည်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းချမှု၊ လက်ကျန်စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ပေးနိုင်မှု အချက်အလက်များ ပါဝင်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းပါ သတ်မှတ်ထားသည့် ရရန်ငွေများကို အပြည့်အဝရရှိအောင် ကောက်ခံခြင်း၊ သတ်မှတ်ဘောင်အတွင်း သုံးစွဲခြင်းနှင့် ကွဲလွဲမှုရှိလျှင် ပြည့်စုံစွာ ထပ်မံတင်ပြတောင်းခံခြင်းများ ဆောင်ရွက်ရပါသည်။ ရငွေများသတ်မှတ်သည်ထက် လျော့နည်းရရှိမှုမဖြစ်ပေါ်ရန် သုံးငွေများကိုလည်း သာမန်အသုံးစရိတ်တစ်ရပ်လုံးထက်ကျော်လွန်သုံးစွဲမှုမရှိရန်နှင့် အသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရာတွင်လည်း သတ်မှတ်ဘောင်အတွင်း ဖြစ်ပေါ်ရန် အထူးကြပ်မတ်ဆောင်ရွက်ရပါသည်။

ဘဏ္ဍာငွေသုံးစွဲမှုသည် အစိုးရ၏ရငွေနှင့် သုံးငွေကို အနီးစပ်ဆုံးတိုင်းတာခြင်းဖြစ်ပြီး နိုင်ငံတော်၏မေခရိုစီးပွားရေးစနစ်အတွက် လွန်စွာအရေးကြီးလှပါသည်။ ဖြည့်စွက်ရန်ပုံငွေများပြားလွန်းလျှင်လည်း မူလဦးစားပေးလမ်းကြောင်းမှ သွေဖည်နိုင်ပြီး ဘတ်ဂျက်၏ တည့်မတ်မှန်ကန်မှုကို ထိခိုက်စေနိုင်သောကြောင့် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးတောင်းခံမှုသာဖြစ်ပေါ်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် လျှော့ချတောင်းခံရန် လိုအပ်ပါသည်။

မရွှေ့ပြောင်းနိုင်သော မြေကွက်၊ အဆောက်အအုံ၊ တိုက်ခန်းများအတွက် မလိုလားအပ်သော အငြင်းပွားမှုများ မပေါ်ပေါက်စေရန်နှင့် ပိုင်ဆိုင်မှု အထောက်အထားများ ခိုင်မာပြည့်စုံရန်အတွက် ဂရန်အမည်ပေါက်ဖြစ်အောင် ဆောင်ရွက်ထားရပါသည်။ အကြောင်းရင်းခိုင်မာ၍ မစွန့်လွှတ်သည့်မြေများ၊ ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်သည့်မြေများ၊ တစ်စိတ်တစ်ဒေသ စွန့်လွှတ်ပြီး ကျန်ရှိသည့်မြေများရှိပါက ပိုင်ဆိုင်မှုခိုင်မာစေရန် ဆောင်ရွက်ထားလျက် ပြန်လည်စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးသည့်မြေဖြစ်ပါကလည်း သက်ဆိုင်သူများထံ အမြန်ဆုံးပေးအပ်နိုင်ရေး ဆောင်ရွက်ရပါသည်။

ဝန်ထမ်းများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုခံစားရရှိရန်ရည်ရွယ်လျက် အာမခံအလုပ်သမားများ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်ခွင်အတွင်း ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မည်သည့်အကြောင်းကြောင့်မဆို မသန်မစွမ်းဖြစ်ခြင်းနှင့် သက်ပြည့်အငြိမ်းစားခံစားခြင်း စသည့်အချိန်များတွင်ဆေးဝါးကုသမှုပေးခြင်း၊ ငွေကြေး ခံစားခွင့်ပေးခြင်းအပြင် အိမ်ရာပိုင်ဆိုင်ခွင့်နှင့် နေထိုင် ခွင့်များကိုပါရရှိရန် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၃၁-၈-၂၀၁၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁-၄-၂၀၁၄ ရက်တွင်အာဏာတည်ခဲ့ပြီးဖြစ်ရာ လူမှုဖူလုံရေးဥပဒေသစ်ပါ အကျိုးခံစားခွင့်များအတွက် သတ်မှတ်ထားသည့် အာမခံထည့်ဝင်ကြေးများ ပေးသွင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံချက်များကိုလည်း လူမှုဖူလုံရေးအဖွဲ့နှင့် ဖြစ်စေ၊ အာမခံကိုယ်စားလှယ်များနှင့်ဖြစ်စေ ပူးပေါင်းရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည်စေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများထိရောက်မြန်ဆန်စွာ တိုးတက်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရေးအတွက် တိုးတက်ပြောင်းလဲမှုများကို ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုရှိခြင်း၊ စွမ်းဆောင်ရည်ထိရောက်ခြင်း၊ ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိခြင်း၊ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် တိုင်းတာအကဲဖြတ်ရပါသည်။ အားသာချက်၊ အားနည်းချက်များအလိုက်တိုးတက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ထိန်းကျောင်းလျက်ရှိပါသည်။ ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့်ရာထူးအဆင့်တိုးမြှင့်ပေးခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းဖြင့် အောက်ခြေအထိကွင်းဆင်းလေ့လာပြုပြင်ပြောင်းလဲမှုများပြုလုပ်လျက်ရှိပါသည်။ အထူးသဖြင့် ရာထူးတိုးမြှင့်မှုနှင့် အပြောင်းအရွှေ့ပြုလုပ်ရာတွင် တရားမျှတစွာနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ သို့မှသာ ဝန်ထမ်းများအတွင်း အပြိုင်အဆိုင်ကြိုးစားလိုသည့် ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာပါမည်။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချ၍ အောက်ခြေအဆင့်ဆင့်သို့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးရပါမည်။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သွေဖည်လုပ်ကိုင်သည့် ဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူရန် လိုအပ်ပါသည်။ စိတ်မချ၍ လုပ်ခွင့်မပေးလျှင်မည်သည့်အခါမှ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့်လုပ်တတ်မည် မဟုတ်ဘဲ စွမ်းရည်များ ကျဆင်းလာမည်ဖြစ်၍ စည်းရုံးသိမ်းသွင်းပြီး လုပ်ပိုင်ခွင့်များ ပေးရပါမည်။ သန့်ရှင်းသော အစိုးရဖြစ်ပေါ်စေရေးအတွက် မလိုလားအပ်သော အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရန် ဌာနတွင်းပြန်လည်သုံးသပ်ပြုပြင်မှုများပြုလုပ်ရပါမည်။

မြန်မာနိုင်ငံသည် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်မှုအောက်တွင် ပါဝင်ပြီး လက်ရှိဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းလျက် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများ ရရှိရန်ကြိုးတင် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၇ သို့

နည်းပညာ

စာမျက်နှာ ၁၆ မှ
မိမိတို့၏လုပ်ငန်းများကို အခြားအာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းကြီးများ၏ ဝါးမျိုခြင်းမခံရအောင် ဖျတ်လတ်နိုးကြားစွာ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထုတ်ကုန်အရည်အသွေး ထိန်းသိမ်းခြင်း၊ သဘာဝသယံဇာတများသုံးစွဲမှုလျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ စွမ်းအင်ချွေတာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝအရင်းအမြစ်များမှစွမ်းအင်ပြန်လည်ထုတ်ယူသုံးစွဲခြင်းတို့ကိုလည်း ဆောင်ရွက်ရပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့များက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးပြီး ခိုင်မာသော ငွေကြေးစနစ်နှင့် ငွေကြေးဈေးကွက်သို့ ဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီမှအစပြု၍ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ဝန်ကြီးဌာန၊ ပုဂ္ဂလိက၊ နိုင်ငံတကာများနှင့် ဆက်နွယ်နေသော လုပ်ငန်းများအပါအဝင် စီမံကိန်းများစွာ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ပေါက်ရောက်အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်းအား ထုတ်လျက်ရှိပါသည်။ လုပ်ဆောင်ရမည့် လုပ်ငန်းများအနက် လုပ်သင့်လုပ်ထိုက်သည်မှန်သမျှနှင့် ပြည်သူများ၏ လိုအပ်ချက်များအတွက် အမြန်ဆုံးဖြည့်ဆည်းနိုင်မည့် လုပ်ငန်းဟူသမျှကိုလည်းရွေးချယ်ပြီး ဦးစားပေး လုပ်ဆောင်လျက်ရှိပါသည်။

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်အောင်မြင်စွာ ဖြစ်ထွန်းပေါ်ပေါက် လာစေရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခသတ်မှတ်ပေးရေးနှင့် နိုင်ငံ့ဝန်ထမ်းများကို ထိုက်သင့်မျှတသော လစာ၊ စရိတ်၊ ချီးမြှင့်ငွေများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ရေးတွင် နိုင်ငံတော်၏ ရငွေနှင့် သုံးငွေအခြေအနေ၊ မေခရိုစီးပွားရေးအလားအလာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စီးပွားရေးနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေနှင့် ငွေဖောင်းပွမှုနှုန်းစသည့် အချက်များကို ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေရန်ဘက်စုံထောင့်စုံမှ သုံးသပ်တွက်ချက်လျက်ရှိပါသည်။

လစာတိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမည့်သာမန်အသုံးစရိတ်သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက်ငွေလုံးငွေရင်းအသုံးစရိတ်များသုံးစွဲမှုကို သင့်တင့်မျှတအောင် ချိန်ထိုးဆောင်ရွက်ရပါမည်။

လေလွင့်ပြုန်းတီးမှုနှင့် ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန် အသုံးစရိတ်များ သုံးစွဲရာ တွင်လည်း သုံးသင့်သည်ကို သုံးခြင်း၊ စိစစ်သင့်သည်ကိုစိစစ်ပြီးရသင့် ရထိုက်သော ရငွေများနှင့်ဝင်ငွေအကျိုးအမြတ်များပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# တရုတ်နိုင်ငံတွင် အမေရိကန်အီလက်ထရွန်နစ်ပစ္စည်းသစ်များ အသုံးပြုမှု နည်း




တရုတ်နိုင်ငံသည် တရားဝင်ထုတ်ပြန်ချက်စာရင်းအရ စစ္စကို (Cisco)၊ Apple၊ မက်ဂါရီ (McAfee)၊ ဆီထရစ် (Citrix) စသော အမေရိကန်နာမည်ကြီးနည်းပညာကုမ္ပဏီများ၏ထုတ်ကုန်များကို သုံးစွဲမှုများ လျော့နည်းလာခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ထိုကဲ့သို့ အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာခြင်းသည် တရုတ်နိုင်ငံအစိုးရဌာနများနှင့်အချက်အလက်စင်တာများတွင် အထက်ဖော်ပြပါ အမေရိကန်ကုန်ပစ္စည်းများကိုသုံးစွဲမှုလျော့နည်းလာပြီးဒေသတွင်းနာမည်ကြီးနည်းပညာကုမ္ပဏီများဖြစ်သော ဟွာဝေးနှင့် ZTE ပစ္စည်းများကို အစားထိုးသုံးစွဲလာခြင်းကြောင့်ဖြစ်သည်။

ယင်းဖြစ်စဉ်သည် တရုတ်နည်းပညာကုမ္ပဏီများအတွက်တိုးတက်မှုအနေအထားတစ်ရပ်ဖြစ်ခဲ့သော်လည်း စစ္စကိုအတွက်မူ အကြီးအကျယ်အလဲထိုးခံခဲ့ရသောကိစ္စရပ်ဖြစ်လာခဲ့သည်။ ၂၀၁၂ခုနှစ်တွင်အဆိုပါ အမေရိကန်ကုမ္ပဏီ၏ မတူညီသော ထုတ်ကုန်ပေါင်း ၆၀ သည် ဗဟိုအစိုးရအတွက် အလွန်အရေးပါသော ရုံးသုံးပစ္စည်းများ ဖြစ်ခဲ့ပြီး ယခုအချိန်တွင်မူ နေရာပျောက် ခဲ့ရသည်။

ယင်းသို့ ဖြစ်ခဲ့ရခြင်းမှာ အက်ဒဝပ်စနိုဒန်၏ အမေရိကန် သတင်းကြားဖြတ် နားထောင်သည်ကို ဖွင့်ချခဲ့သော ကိစ္စရပ်ကြောင့်ဖြစ်ခဲ့သည်ဟု ရိုက်တာက ဖော်ပြခဲ့သည်။ "စနိုဒန်ရဲ့ကိစ္စက ထိပ်ပိုင်းခေါင်းဆောင်တွေကို အချက်ပေးတွန်းလှန်ခဲ့သလိုဖြစ်ခဲ့တာကြောင့် တရုတ်အစိုးရအနေနဲ့ အရည်အသွေးပိုင်းသာရင်တောင် အမေရိကန်ရဲ့ ထုတ်ကုန်တွေကို သုံးစွဲဖို့ လက်တွန့်ခဲ့ကြပြီး တစ်ခြားတရုတ်နည်းပညာကုမ္ပဏီထုတ် ပစ္စည်းတွေကိုပဲသုံးစွဲလိုကြတယ်"ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း လေ့လာရေးတွဲဖက်ညွှန်ကြားရေးမှူး ကျူဆက်ကွန်က ပြောကြားခဲ့သည်။ (မေလှဲ့သင်း)

# ဆမ်ဆောင်းစမတ်တီဗွီများကြောင့် ဂယက်ထခဲ့ရသည့်စမတ်တီဗွီလောက

ဆမ်ဆောင်းသည် ၎င်း၏နောက်ဆုံးထုတ်လုပ်ခဲ့သော စမတ်တီဗွီများနှင့် ချိတ်ဆက်ထားသော ဆော့ဖ်ဝဲများကို ဗားရှင်းမြှင့်တင်ခဲ့ရာမှ ပြဿနာတချို့ဖြစ်ပေါ်ခဲ့ပြီး ဝယ်ယူအသုံးပြုသူများအနေဖြင့် နှစ်ရက်ကြာ စမတ်တီဗွီ၏ နောက်ဆုံးထွက် Feature များကို အသုံးမပြုနိုင်ခဲ့ပေ။

သို့သော် ဆမ်ဆောင်းက ယင်းပြဿနာကိုယခုအခါ အလုံးစုံဖြေရှင်းပြီးဖြစ်သည်ဟုဆိုခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အနည်းငယ်ကပင် ဆမ်ဆောင်းစမတ်တီဗွီအသုံးပြုသူများအနေဖြင့် အသံအချက်အလက် (VoiceData) ကိုအသုံးမပြုမီ ကြိုတင်သတိပြုရန် အဘယ်ကြောင့် လိုအပ်သည်ဆိုသည်ဟု ရှင်းပြခဲ့သေးသည်။

ဖေဖော်ဝါရီ ၂၈ ရက်ကထုတ်ပြန်ချက်တွင် ဆမ်ဆောင်းက ၎င်းတို့ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းစမတ်ဟက်ဆော့ဖ်ဝဲကို အဆင့်မြှင့်တင်ခဲ့ခြင်းသာဖြစ်သည်ဟု ဖော်ပြခဲ့သည်။

အဆိုပါ ကုမ္ပဏီက ပြောကြားခဲ့ရာတွင် "ဒီဖြစ်စဉ်အတွင်းမှာ အချို့သော ဝယ်ယူသူတွေအနေနဲ့ စမတ်တီဗွီနှင့်ဆော့ဖ်ဝဲချိတ်ဆက်ထားတာတွေအားလုံးမှာအခက်အခဲတချို့ဖြစ်ပေါ်ခဲ့ပါတယ်။ဒီအခက်အခဲက နိုင်ငံရဲ့ သင်္ကေတဝှက် ( Country Code )နဲ့ဆော့ဖ်ဝဲချိတ်ဆက်ရာမှာ အဆင်မပြေမှုတွေရှိခဲ့တာကြောင့် ဖြစ်လာခဲ့ပြီး အခုဒီကိစ္စရပ်ကို အလုံးစုံဖြေရှင်းပြီးဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

ဂရမ်တာစည်းမျဉ်းသုတေသနဌာနမှ လေ့လာဆန်းစစ်ရေးအရာရှိ ပေါလ်အိုဒိုနိုဗန်ကမူ ယင်းကိစ္စရပ်မှာ နောက်ဆက်တွဲကိစ္စရပ်အသေးစားပင်ဖြစ်ပြီး ဆမ်ဆောင်းအနေဖြင့် ကြီးမားသော အခက်အခဲများကို ဖြေရှင်းရန် ရက်သတ္တပတ်များစွာတိုင်အောင်ကြိုးစားရလေ့ရှိကြောင်း ဆိုခဲ့သည်။

ဆက်လက်၍၎င်းကအဆိုပါပြဿနာမျိုးမှာ နောက်ဆုံးပေါ်နည်းပညာရပ်များတွင် ဖြစ်လေ့ဖြစ်ထရှိသောကိစ္စရပ်မျိုးပင်ဖြစ်ပြီး ထုတ်လုပ်သူ များ၏ အရည်အချင်းတစ်ရပ်တွင်ဝန်ဆောင်မှုကို အမြဲတစေအကဲခတ်ကြည့်ရှုနေရခြင်းက အကြီးမားဆုံးအရင်းအနှီးတစ်ခုပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

သို့သော် ဆမ်ဆောင်းပြောရေးဆိုခွင့်ရှိသူများက ဝယ်ယူသူပမာဏဘယ်လောက်များများက ဆော့ဖ်ဝဲပြဿနာကိုခံခဲ့ရသည်ဆိုသည်ကို ချက်ချင်းမပြောကြားခဲ့ဘဲ နောက်ပိုင်းတွင်မှ ၎င်းတို့အနေဖြင့် ဝယ်ယူသူများအတွက် အကောင်းဆုံးသောဝန်ဆောင်မှုများကို အမြဲတစေဖြည့်ဆည်းပေးရန် ဆန္ဒရှိသော်လည်း တချို့သော နည်းပညာဆန်းစစ်မှု၏ နောက်ဆက်တွဲအခက်အခဲများက ၁၀၀ ရာခိုင်နှုန်းချပေးရန် ခက်ခဲနေဆဲဖြစ်သည်ဟုဆိုခဲ့သည်။

အကယ်၍ ဝယ်ယူသူများ လိုအပ်မှုရှိခဲ့ပါက ဒေသတွင်းစင်တာများကိုဆက်သွယ်ကာ အကူအညီရယူနိုင်ကြောင်း ပြောကြားခဲ့သည်။ (မေလှဲ့သင်း)

ကုမ္ပဏီကြီးများ လုပ်ငန်းရှင်ကြီးများက အထူးဈေးနှုန်းများဖြင့် တိုက်ရိုက်ခင်းကျင်းပြသရောင်းချမည့်
မဟာသင်္ကြန်အကြို ပုသိမ်မြို့ ကုန်စည်ပြပွဲကြီး
(31-3-2015 မှ 4-4-2015) (မြို့တော်ခန်းမ) WINNER - PH : 09 517 3076, 09 36152320, 09 250375368, 09 250058306

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်
မင်္ဂလာစံပြ | Top Royal | ဝင်းလိုက် (မန္တလေး) | မြို့မ (မန္တလေး) | မင်္ဂလာဒိုင်းမွန်း (မန္တလေး) | မင်္ဂလာထွန်းသီရိ (ပြည်)

မင်္ဂလာလုညး်
ရန်ကုန်
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal
မန္တလေး
ဝင်းလိုက်၊ မြို့မ
ပြည်
မင်္ဂလာထွန်းသီရိ

BLACKHAT(2D)
ရန်ကုန်
နေပြည်တော်(၁)
မန္တလေး
မြို့မ(နံနက် ၁၀:၀၀ နာရီ)

KINGSMAN services secrets
ရန်ကုန်
ရွှေဆောင်(၁)၊မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

Rock Angels(2D)
ရန်ကုန် - နေပြည်တော်(၂)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

Snow Girl and The Dark Crystal (3D)
ရန်ကုန် - ရွှေဆောင်(၂)၊ မင်္ဂလာ( ခရုစင်တာ) မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

I Fine...Thank You Love You(2D)
ရန်ကုန် - နေပြည်တော်(၃)

သက်တံသစ်
ပြည် - မင်္ဂလာထွန်းသီရိ

၆ . ၃ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀:၀၀ နာရီ ၁၂:၃၀ နာရီ ၃:၃၀ နာရီ ၆:၃၀ နာရီ ၉:၃၀ နာရီ





# အလောင်းတော်ကဿပစံကျောင်းသို့ ဆင်စီးသွားရန် နေရာများ၌ ကြီးကြပ်စီမံသူမရှိ၍ အခက်အခဲဖြစ်နေ

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပစံကျောင်းတော်သို့ သွားရောက်သော ဘုရားဖူးခရီးသည်များအနေနှင့် ဆင်စီးရန်သတ်မှတ်နေရာများတွင် စနစ်တကျ ကြီးကြပ်စီမံပေးသူမရှိ၍ အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ယာဉ်ရပ်နားစခန်းနဲ့ စံကျောင်းတော် ဆင်တက်ခုံနေရာတွေမှာ ဆင်ပေါ်က ဆင်းမဲ့သူ၊ ဆင်ပေါ်တက်မဲ့သူ နေရာသတ်မှတ်မထားတဲ့အတွက် ဆင်းမဲ့သူ၊ တက်မဲ့သူတွေ ရောထွေးပြီး ဆင်တက်ခုံပေါ်မှာ အလုအယက်ဖြစ်နေကြပါတယ်။ သက်ကြီးရွယ်အိုနဲ့ကလေးတွေဆိုရင် နောက်ကနေ လူတွေတိုးလို့ လိမ့်ကျမယ့် အန္တရာယ်ကို စိုးရိမ်နေရတယ်၊ စနစ်တကျ ကြီးကြပ်စီစဉ်ပေးမဲ့သူသာရှိရင် ဒီလိုတွေဖြစ်လာစရာရှိမှာ မဟုတ်ပါဘူး" ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူ မန္တလေးမြို့မှ လာရောက် ဘုရားဖူးသူတစ်ဦးက ပြောသည်။

"မိသားစုလေးယောက်အတူတူ ဘုရားဖူးသွားခဲ့တာပါ။ ဆင်တက်ခုံပေါ်မှာ တိုးဝှေ့ပြီး ဆင်စီးဖို့ သူ့ထက်ငါ နေရာဦးကြတော့ ကျွန်တော်နဲ့ ကျွန်တော်သမီးပဲ အရင်တက်လို့ရတယ်။ စံကျောင်းတော်ကိုရောက်ပြီး ၁ နာရီလောက်နေမှ နောက်က မိသားစု နှစ်ယောက် ရောက်လာတယ်။ ဆင်ဦးစီးတွေနဲ့ အချိတ်အဆက်လုပ်ပြီး သွားနေတာတွေလဲ မြင်ခဲ့ရတယ်။ အလှည့်ကျစနစ်နဲ့ ဆင်တက်ခုံနားမှာ စနစ်တကျကြီးကြပ်ပေးမဲ့သူတစ်ယောက်မှ မတွေ့ခဲ့ရဘူး။ အလှည့်ကျစနစ်နဲ့ အဆင်းခုံ၊ အတက်ခုံ (ဆိုက်ရောက်/ထွက်ခွာ) ခွဲခြားထားရင် ဘယ်သူမှ တိုးဝှေ့နေစရာ မလိုတော့ပါဘူး။ တာဝန်ရှိသူတွေလာရောက်ကြီးကြပ်ပေးရင် ကောင်းမယ်လို့ ထင်ပါတယ်"ဟု ဘုရားဖူးခရီးသည်တစ်ဦးက ပြောပြသည်။

အလောင်းတော်ကဿပစံကျောင်းတော်သည် မုံရွာမြို့မှ ၅၂ မိုင်ခန့်ကွာဝေးပြီး နှစ်စဉ် နတ်တော်လအတွင်း ဘုရားဖူးခရီးစဉ်စတင်၍ တန်ခူးလသင်္ကြန်အပြီးတွင် ဘုရားဖူးပိတ်လေ့ရှိသည်။

ယခုအခါ အလောင်းတော် ကဿပဘုရားဖူးယာဉ်ရပ်နားစခန်းမှ စံကျောင်းတော်သို့ သစ်တောဦးစီးဌာန၊ သစ်ထုတ်လုပ်ရေးမှ ဆင်ကောင်ရေ ၄၀ ခန့်ဖြင့် ဘုရားဖူးခရီးသည်များအား ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**မန်း (ကိုယ်ပွား)**

# မကွေးဒေသခံများ ရန်ကုန်တွင် ယာဉ် သွားရောက်ဝယ်မှုများလာ

**မကွေး မတ် ၄**

မကွေးမြို့ဒေသခံများမှ ဒေသတွင်းလိုအပ်ချက်များအရ ကိုယ်ပိုင်ယာဉ်အသုံးပြုလိုသူများအနေဖြင့် မကွေးမြို့တွင် showroom များတွင်ဝယ်ယူမှု နည်းပါးနေဆဲဖြစ်ပြီး ရန်ကုန်မြို့တွင်သာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူမှုများရှိကြောင်း သိရသည်။

"မကွေးမှာ ဝယ်လိုအားနဲ့နေရာအကျယ်အဝန်းပေါ်မူတည်ပြီး ကားအများကြီးတင်မထားနိုင်ပါဘူး၊ showroom ဖွင့်တဲ့ တစ်နှစ်လောက်အတွင်းမှာ အစီး ၆၀ လောက်ရောင်းရပေမယ့် ဒေသခံတွေကတော့ ရန်ကုန်ကိုပဲ ပိုအားသန်နေတာကို တွေ့ရပါတယ်၊ ဂျပန်ကားသီးသန့်ရောင်းတဲ့အတွက် ပစ္စည်းကောင်းရမယ်၊ ရန်ကုန်ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်လို့ရမယ်၊ ခြောက်လတစ်ကြိမ် အခမဲ့စစ်ဆေးပေးနေပါတယ်" ဟု FARMER AUTO Showroom မကွေးတာဝန်ခံက ပြောသည်။




"ဝန်ဆောင်မှုလည်းတူမယ်၊ စိတ်ကြိုက်ရွေးချယ်ဖို့ အခွင့်အလမ်းလည်းရမယ် ဆိုရင်တော့ မကွေးကားအရောင်းပြခန်းတွေအဆင်ပြေနိုင်ပါတယ်။ ဝယ်ဝယ်ချင်းကားတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းပဲပေးရပြီး ၁၂ လနဲ့ ၂၄ လ အရစ်ကျ စနစ်တွေရှိတဲ့အတွက်လည်း အရစ်ကျစနစ်နဲ့ပေးတာကိုသဘောကျသူတွေ ရှိပါတယ်။ ကျွန်တော်တို့လို အရောင်တွေ ဒီဇိုင်းတွေ ရွေးချင်တဲ့သူတွေကတော့ ရန်ကုန်ကိုပဲသွားနေကြဦးမှာပဲ"ဟု ရန်ကုန်တွင် ကားဝယ်ထားသူတစ်ဦးက ၎င်း၏တွေ့ကြုံရသည့် ထင်မြင်ချက်များကို ပြောပြသည်။

လက်ရှိတွင် မကွေးမြို့၌ အရောင်းပြခန်းသုံးခုသာရှိသေးပြီး နယ်ဝယ်လက်များ၏ အနည်းငယ်သာ အဆိုပါ Showroom များတွင်ဝယ်ယူ အသုံးပြုမှုရှိကြောင်း၊ ဈေးနှုန်းသင့်တင့်သော ကျပ်သိန်း ၆၀နှင့်၇၀ကြားရှိ Hijet မီနီထရပ်၊ ကျပ်သိန်း၉၀ ကျော်ရှိ Nissan AD Van များ အရောင်းသွက်ကြောင်း၊ Light Truck နှင့် အခြားအိမ်စီးကားအများစုကိုမူ ရန်ကုန်သို့ဆင်းဝယ်နေကြကြောင်းသိရသည်။

"ကားပွဲစားတွေလည်း ဈေးကွက်အရ ကားအလဲအထပ်လုပ်ချင်သူတွေနဲ့ ကွက်ကျန်လောက်သာ အလုပ်ဖြစ်နေပါတယ်။ သူတို့ရဲ့ ရပ်တည်မှုတွေက မရေရာဘူး"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

**ဇေယျာတု(မကွေး)**

# လှိုင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်း၏ဒုတိယအကြိမ် ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆား လှူဒါန်း

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ သာသနာ့နုဂ္ဂဟအသင်း၏ ဒုတိယအကြိမ်မြောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆား လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ချောင်းဝကျောင်းတိုက်ရှိ ထူးဆန်းပြည့်စုံဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦးနှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အနောက်ပိုင်းခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများမှ လက်ခံရယူပြီး ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ကာ ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန်က လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် ဆွမ်းဆန်တော် ၁၁၉၀ အိတ်၊ ဆီ သုံးပိဿာပုံး ၁၁၀ ပုံး၊ ဆေးမျိုးစုံ ၃၃၀ဘူး၊ ပရိက္ခရာခြင်း ၁၃ခြင်း၊ ဆား ၁၁၀ထုပ်ဖြစ်ပြီး စုစုပေါင်းလှူဒါန်းငွေမှာ ကျပ်၂၃၄၉၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ သနပ်ပင်မြို့၌ကျင်းပ

**သနပ်ပင် မတ် ၄**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၃ရက် နံနက် ၁၀နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့စခန်း ရဲဓမ္မာရုံ၌ ကျင်းပခဲ့ရာ အရာရှိအဆင့် ၂၄ ဦး၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးသိန်းက ရဲအရာရှိများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးများဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို မကျင်းပမီ ကျင်းပဆဲနှင့်ကျင်းပပြီး ကာလသုံးခုလုံး၌ လုံခြုံရေးဥပဒေ ၁၅ မျိုးနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

၂၀၁၀နှင့် ၂၀၁၂ခုနှစ် ရွေးကောက်ပွဲများမှ အားသာချက်အားနည်းချက်များကို သာဓကယူ၍ ၂၀၁၅ခုနှစ် ပါတီစုံ ရွေးကောက်ပွဲအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းကို အရာရှိများသာမက အခြားအဆင့်များကိုပါ သင်တန်းပို့ချသွားမည်ဖြစ်ပြီး မတ် ၃ ရက်မှစ၍ ငါးရက်တိုင်တိုင် သင်တန်းဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းသိရသည်။

**ရဲထွဋ်(မင်းရွာ)**

# လူမှောင်ခိုဆိုင်ရာများနှင့် ကလေးသူငယ်များဆိုင်ရာ သိကောင်းစရာများ မကွေးမြို့တွင်သင်တန်းပို့ချ

**မကွေး မတ် ၄**

မကွေးခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုနှင့် UNICEF Myanmar တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူး၊ လူမှောင်ခို၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း သင်တန်းဖွင့်လှစ်သင်ကြားပို့ချသည့် အခမ်းအနားကို မတ် ၃ရက် နံနက် ၈ နာရီက မကွေးခရိုင်အုပ်ချုပ်ရေးမှူးရုံး ခန်းမတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးခရိုင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ ဦးအုန်းသန်းက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုနှင့် လူမှောင်ခိုများ အဓိပ္ပာယ် ရှင်းလင်းချက်များနှင့်အရေးယူဆောင်ရွက်ခဲ့ရသော လူကုန်ကူးမှုများနှင့် ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ ရဲအုပ်ကျော်ဆန်းက တရားမဝင် အလုပ်သမားများ ရွှေ့ပြောင်းသွားလာမှုများဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပို့ချခဲ့ကြသည်။

ဆက်လက်၍ UNICEF (မြန်မာ)ဒေါ်သီတာစိမ်းက ကလေးသူငယ်များဆိုင်ရာများ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ရဲအုပ်မိုးဇော်က ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့ဝင်များဖြစ်သည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာရဲစခန်း နယ်ထိန်းတပ်ကြပ်ကြီးများ၊ ရပ်ကွက်ကျေးရွာမှ အရန်မီးသတ်တာဝန်ခံများ၊ ရပ်ကွက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး နယ်မြေ အတွင်းလူကုန်ကူးမှု၊ လူမှောင်ခိုမှုများသောမြို့နယ်များဖြစ်သည့် မကွေး၊ မင်းဘူး၊ မြို့သစ်၊အောင်လံ၊ မင်းလှမြို့များမှ ဒေသခံပြည်သူများ သင်တန်းသားစုစုပေါင်း ၅၀ တက်ခဲ့ကြကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# နယ်ဝယ်လက်ကိုအားပြုရသည့် မကွေးဆိုင်ကယ် ဈေးကွက် ကျဆင်း

**မကွေး မတ် ၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့၌ ဆိုင်ကယ် Show-room များမှာ အလုပ်သိပ်မဖြစ်ဘဲ နယ်(ကျေးရွာ)ဝယ်လက်များ အပေါ်တွင်သာမှီခိုနေရကြောင်းဆိုင်ကယ် အရောင်းစင်တာများမှ တာဝန်ခံများကပြောသည်။

"ဆိုင်ကယ်အမျိုးအစားကတော့ စူပါကပ်၊ ကန်ဘို၊ ရင်စင်း၊ လော့ဂျာ၊ ဂျာလင်း၊မက်စ်ထိုင်း၊ အက်ဇက်အစုံပါပဲ။ ဒီမှာတော့ အက်ဇက်ကအမြင့်ဆုံးပဲ။ သူက ကျပ်၁၈သိန်းလောက်ရှိတယ်။ ဈေးတန်းကပုံမှန်မရှိဘူး၊ ကျပ်ငါးသိန်း ကျော်ခြောက်သိန်းဝန်းကျင်တွေကများပါတယ်။ ဝယ်သူနိုင်သလောက်ပစ္စည်းကိုပဲ ရောင်းရတာဖြစ်လို့ ဘယ်အမျိုးအစားက အရောင်းရဆုံးဆိုတာတော့ပြောဖို့ခက်ပါတယ်။ မြို့ပေါ်ဝယ်လက်တွေက မင်းဘူးကို သွားဝယ်ကြတယ်။ မင်းဘူးက မူဆယ်တို့ကြယ်ခေါင်တို့က တိုက်ရိုက်ယူတာဆိုတော့ ဒိုင်လိုဖြစ်နေပြီး မြန်မာပြည် အလယ်ပိုင်းမှာရှိတဲ့အရောင်းဆိုင်တွေ မင်းဘူးကတစ်ဆင့်ယူပြီးပြန်ရောင်းကြတာများတယ်" ဟု Super Star ဆိုင်ကယ်အရောင်းဆိုင် မှ အရောင်းတာဝန်ခံတစ်ဦးကလက်ရှိ ဈေးကွက်အခြေအနေကို ပြောသည်။

ဆိုင်ကယ်ပွဲစားတန်း၌ အများအားဖြင့် စီးကျအဟောင်းဘီးများသာ အရောင်းအဝယ်ဖြစ်ပြီး ယခင်က တစ်ရက်အတွင်း ပွဲစားတစ်ဦးလျှင် ငါးစီးခန့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း တောင်သူသီးနှံပေါ်ချိန်များ၌ပင် တစ်ရက်လျှင် ပွဲစားတန်းတစ်ခုလုံးအနေဖြင့် ငါးစီးခန့် အရောင်းအဝယ်ဖြစ်နေပြီး ပုံမှန်ချိန်များတွင် တစ်ရက်လျှင်တစ်စီး၊ နှစ် စီးခန့်သာအရောင်းအဝယ်ဖြစ်ကြောင်း သဘာဝဆိုင်ကယ် ပွဲစားတန်းက ပွဲစားများကပြောသည်။

"အရင်ကနဲ့တော့ အတော်ကြီးကိုကွာသွားပါပြီ။ တောင်သူတွေက သီးနှံပေါ်ချိန်မှာ Showroom က အမြင့်ဈေးနဲ့ဆိုင်ကယ်တွေကိုမဝယ်ဘဲ အောက်ဈေးနဲ့ရတဲ့ပွဲစားတန်းကဝယ်ပြီး သီးနှံစိုက်ချိန်ကျတော့လည်း ပွဲစားတန်းမှာပဲပြန်ထုတ်ကြတော့ အဝယ်ရောအရောင်းပါပွဲဖြစ်ကြတယ်။

" အခုတော့ Show room ဈေးတွေက လိုင်စင်ဘီးကိုပဲ ကျပ်ငါးသိန်းဝန်းကျင်လောက်ပဲရှိတော့လို့ အဟောင်းတန်းဘက် သိပ်မလှည့်ကြတော့ဘူး။ ရောင်းမှားဝယ်မှားဖြစ်မှာလည်းစိုးရိမ်ကြတာဖြစ်မယ်ထင်တယ်"ဟု ဆိုင်ကယ်ပွဲစားတန်းမှ ကိုဇော်ကြီးက ပြောသည်။

ယခုအခါ ဒေသတွင်း လယ်ယာလုပ်ငန်းများနားချိန်ဖြစ်၍ မကွေးမြို့တွင်လည်း အရောင်းအဝယ်များ အေးကာ ရောင်းမှားဝယ်မှားကို ကြောက်၍ တစ်ပတ်ရစ်စီးကျဆိုင်ကယ်များအပေါ်စိတ်ဝင်စားမှုနည်းပါးရုံသာမက ဆိုင်ကယ် show room များကိုသာလာရောက်ကြသော နယ်ဝယ်လက်များလည်း အလာနည်းနေပြီး ဆိုင်ကယ်ဈေးကွက်ဖွံ့ဖြိုးမှု ကျဆင်းနေကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**




# တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မကွေးတွင် ကျင်းပ

**မကွေး မတ် ၄**

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကြီးမှူးကျင်းပသော မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားကို မကွေးမြို့နယ်၊ ဝက်သိုက်ကျေးရွာ၊ ကွင်းအမှတ် ၁၆၄၃ ယာကွင်းပြင်တွင် ယင်းနေ့ ညနေ ၆ နာရီမှစတင်ကာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်းသိရသည်။

ထိုအခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်းကြီးများအား အလေးပြုခြင်း၊ ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီမှ ပေးပို့သော မြန်မာနိုင်ငံ တောင်သူလယ်သမားနေ့ သဝဏ်လွှာအား ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင် ဦးစောသဲမြင့်က ဖတ်ကြားခြင်း၊ ပြည်သူ့ပါတီမှပေးပို့သော သဝဏ်လွှာအား ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးအောင်သန်းမြင့်က ဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပြီးနောက် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာစိုး က မြန်မာနိုင်ငံတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်စေရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးခြောက်တိုင်းမှ တောင်သူလယ်သမားနေ့အခမ်းအနားကိုတက်ရောက်လာကြသော မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် မကွေးမြို့နယ်ပြည်သူများ စုစုပေါင်း အင်အား သုံးသောင်းနီးပါးတက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ကျော်ဇေယျ**

# လေယာဉ်ကွင်းဖောက်လုပ်ရာ၌ ပါဝင်သွားခဲ့သောယာမြေများအား လျော်ကြေးငွေပေးအပ်

**ပခုက္ကူ မတ် ၄**

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့်ရေစကြိုမြို့နယ် လေယာဉ်ကွင်းသစ်ဖော်လုပ်ရာတွင် ပါဝင်သွားသောယာမြေများအတွက်မူလတောင်သူများသို့ လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၃ ရက် နံနက် ၁၀နာရီခွဲတွင် ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဦးသိန်းထွန်းကအမှာစကားပြောကြားပြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေကလျော်ကြေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာ ဦးပိုင်(၉၆)ရှိတောင်သူပေါင်း၇၄ ဦး၏ ဧရိယာ ၄၄၅ ဒသမ ၅၆ ဧကအတွက်လျော်ကြေးငွေကျပ် ၆၉၀၄၈၀၀၀၀ ကြီးရွာကျေးရွာ၊ ဦးပိုင်(၁၀၁)ရှိ တောင်သူပေါင်း ၇၆ ဦး၏ ဧရိယာ ၄၆၀ ဒသမ ၃၂ ဧကအတွက်ငွေကျပ် ၆၉၀၄၈၀၀၀၀နှင့် ရေစကြိုမြို့နယ်ထန်းငယ်တောကျေးရွာဦးပိုင်(၈)ရှိ တောင်သူခုနစ်ဦး၏ ဧရိယာ ၃၀ ဒသမ ၀၅ ဧကအတွက် ငွေကျပ် ၄၅၀၇၅၀၀၀ စုစုပေါင်းတောင်သူ ၁၅၇ ဦး၊ ဦးပိုင်ပေါင်း (၂၀၅)ဦးပိုင်၊ ဧရိယာပေါင်း ၉၃၅ ဒသမ ၉၃ ဧကအတွက် ငွေကျပ်သန်းပေါင်း၁၄၃၈၉၅၀၀၀ ကို မကွေးတိုင်းဒေသကြီး၊ သစ်တော၊သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသော်ဇင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်နှင့်ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများကပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်းများဆောင်ရွက်

**ထားဝယ် မတ် ၄**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊မြို့နယ်ဦးစီးမှူးဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် Norwegian Refugee Council (NRC)အဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက် တို့တွင် မြို့ဟောင်းကျေးရွာရှိရှင်ဇလွန်ဘုရားဓမ္မာရုံ၌ မြို့ဟောင်းကျေးရွာအုပ်စုအတွင်းရှိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ(၅)နှင့်အကျုံးဝင်သော တိုင်းရင်းသား ကျေးရွာသူ၊ ကျေးရွာသားများကို မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများအား နေ့ချင်းပြီးအခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

မတ် ၁ ရက်နေ့၌အဆိုပါကွင်းဆင်းဆောင်ရွက်ပေးနေရာသို့ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်၊ (NRC) အဖွဲ့က ကွင်းဆင်းတာဝန်ခံ နော်ဒီးလာဖိုး၊ ကျေးရွာအုပ်စုနိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့ဟောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းနှင့်အဖွဲ့ဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၈ ခုနှင့် အိမ်ထောင်စုလူဦးရေ စာရင်း ၂၆ စုတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထားဝယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအဆင့် ကြီးထွားဖွံ့ဖြိုးမှုစောင့်ကြပ်ခြင်းသင်တန်းသို့ မြို့နယ် ၁၀ ခုမှ တက်ရောက်

**ထားဝယ် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး အဆင့်ကြီးထွားဖွံ့ဖြိုးမှုစောင့်ကြပ်ခြင်း သင်တန်းဖွင့်ပွဲကို မတ်၂ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ဇေယျက အဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင်နေပြည်တော် (ရုံးချုပ်)မှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လွင်မာလှိုင်နှင့်တာဝန်ရှိသူများက အာဟာရနှင့်ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်၍လည်းကောင်း၊ အာဟာရချို့တဲ့မှုနှင့် ပတ်သက်၍ လည်းကောင်း၊ ကြီးထွားဖွံ့ဖြိုးမှုစောင့်ကြပ်ခြင်း၊ မြှင့်တင်ပေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ ကြီးထွားဖွံ့ဖြိုးမှုဆန်းစစ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အသက်ငါးနှစ်အောက်ကလေးကြီးထွားဖွံ့ဖြိုးမှု မှတ်တမ်းနှင့်ပတ်သက်၍ လည်းကောင်း၊ သင်ကြားမည်ဖြစ်ပြီး မတ် ၃ ရက်တွင် လက်တွေ့လေ့ကျင့်ခြင်း အပေါ်ပြန်လည်သုံးသပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အာဟာရချို့တဲ့မှု အခြေအနေစောင့်ကြပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သားဖွားဆရာမ/အရန်သာဖွားဆရာမများ၏ အာဟာရဖွံ့ဖြိုးရေးတာဝန်များနှင့်ပတ်သက်၍လည်းကောင်းပို့ချမည်ဖြစ်ပြီးတိုင်းဒေသကြီးအတွင်းမြို့နယ် ၁၀ မြို့နယ်မှ ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမကြီးများနှင့်လူမှုရေးအဖွဲ့စည်းများတက်ရောက်ကြောင်း သိရသည်။ **ထားဝယ် (ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ သောက်သုံးရေကန်တူးဖော်ပေး

**ဘီးလင်း မတ် ၄**

ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ရှစ်သန်းဖြင့် ၁၀၀ ပေ× ၁၀၀ ပေ× ၆ ပေအတိုင်းအတာရှိသောမြေသားမိုးရေ လှောင်ကန်တစ်ခုကို လုပ်ငန်းတင် ဒါအောင်မြင်သောစန်းမြရတနာ ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်နေမှုအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမြင့်နိုင်ဦးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်လတ်တို့က ဖေဖော်ဝါရီ၂၈ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**အေးမျိုးမျိုးစံ(IPRD)**

# တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကျင်းပ

**မြစ်ကြီးနား မတ် ၄**

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာအစာအစားရောင်းချပွဲတော်ကို မတ် ၃ရက် နံနက်ပိုင်းတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပရာ ရှေးဦးစွာ ကချင်ပြည် နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ကံဆီးဆိုင်းလုံ၊ တရားသူကြီးချုပ်၏ဇနီး ဒေါ်ထုဆိုင်နှင့် ဥက္ကဋ္ဌ ဒေါ်မြနုတို့က တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံများက ပြည်နယ်/ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ ခင်းကျင်း ရောင်းချလျက်ရှိသည့်တိုင်းရင်းသားရိုးရာအစားအစာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **ပြည်နယ်ပြန်/ဆက်**



# တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်ဝင်းအတွင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမည်

**မြစ်ကြီးနား မတ် ၄**

မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်နေ ဦးလောဆန်း-ဒေါ်ရွယ်ဂျီး (ရတနာတက်ချမ်းကျောက်မျက်ကုမ္ပဏီလီမိတက်) မှ ငွေကျပ်သိန်းနှစ်ထောင်အကုန်အကျခံကာ မြစ်ကြီးနားမြို့ တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်ဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ မြေသန့်မင်္ဂလာနှင့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီက အဆိုပါကျောင်းဆောင်သစ် တည်ဆောက်မည့်မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပန္နက်တင်မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသအမှူးပြုသည့် ပင့်သံဃာတော်များက ကမ္မဝါစာများရွတ်ဖတ်၍ မြေသန့်ပေးတော်မူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်နှင့် အလှူရှင်များက သတ်မှတ်နေရာ အသီးသီး၌ ပန္နက်ရိုက်ပေးခဲ့ကြကြောင်း သိရသည်။

**(၄၉၉)**

## ဒဟတ်ပင်ရေနံမှော်မှ ရွှေဆွဲကြိုးခိုးယူလာသူအား မကွေးရဲ ဖမ်းဆီး

**မကွေး မတ် ၄**

မကွေးမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ဇော်ဌေးလွင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ခိုးဆိုးနှိုက်သတင်းစုံစမ်းနေစဉ် မကွေးမြို့ သာယာကုန်းရွာ မြသလွန်ဘုရားကုန်းတော်ပေါ်တွင် ဇင်ကိုဌေး(ခ)နှာခေါင်းကြီး အသက် ၁၆ နှစ် မကွေးမြို့နေသူအား မသင်္ကာဖွယ်တွေ့ရှိ၍ သက်သေများနှင့်အတူ ခေါ်ယူစစ်ဆေးရာ ရွှေဆွဲကြိုးခိုးယူခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သောသုံးရက်ခန့်က ဇင်ကိုဌေး(ခ)နှာခေါင်းကြီးသည် ချန်ထွန်း အသက် ၂၀ နှစ် မကွေးမြို့နေသူနှင့် ဇော်ခိုင် ၁၄ နှစ် ကမ်းနားကျူးကျော်တဲ မကွေးမြို့နေသူတို့နှင့်အတူ မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမှော်အတွင်းရှိ နေအိမ်တစ်အိမ်မှ ရွှေဆွဲကြိုးတစ်ကုံးအား ခိုးယူလာပြီး မမျိုးမျိုးကြိုင် အသက် ၄၀ နှစ် မကွေးမြို့နေသူအား ရောင်းချပေးရန်ပေးအပ်လိုက်ရာ မမျိုးမျိုးကြိုင်က ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခန့်က မကွေးမြို့မဈေးအရှေ့ဘက်ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ငွေကျပ် ၆၁၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းကြောင့် သက်သေများနှင့်အတူ အဆိုပါရွှေဆိုင်မှ မမျိုးမျိုးကြိုင်ရောင်းချခဲ့သော ရွှေရည် ၁၅ ပဲရည်၊ အလေးချိန်တစ်ကျပ်သား တစ်ရွေးခန့် သုံးပွင့်သံကွင်းဆက်ရွှေဆွဲကြိုးအား ရှာဖွေပုံစံဖြင့် သက်သေများနှင့်အတူ သိမ်းဆည်းရမိပြီး ဇင်ကိုဌေး(ခ)နှာခေါင်းကြီး၊ ချန်ထွန်း၊ ဇော်ခိုင်တို့အား ဥပဒေအရအရေးယူပေးပါရန် ဒုရဲအုပ်ဇော်ဌေးလွင်က တရားလိုပြုတိုင်တန်းသဖြင့် မကွေးမြို့နယ် မြို့မရဲစခန်း (ပ)၅၂/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၅၄ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ဧရာဝတီတိုင်းဒေသကြီး ထူးကြီး-ရွှေကျင်လမ်း ပေါ်ရှိ ကျေးရွာအုပ်စုချင်းဆက် အစယ်တံတားသစ်ဖွင့်လှစ်

**မြန်အောင် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ် ထူးကြီးမြို့ကိုဆက်သွယ်သော ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ ကျေးရွာအုပ်စုချင်းဆက် အစယ်တံတားသစ်ဖွင့်ပွဲကို မတ် ၁ ရက်က တံတားသစ်ရှေ့မုခ်ဦးတွင် ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်တို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွန့်နှင့် သင်းအုပ်ဆရာ ဦးစောမိုရှေးတို့က တံတားသစ်အား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အစယ်တံတားကမ္ပည်းကျောက်စာတိုင်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားသစ်ကိုဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အစယ်(မမြချောင်းကူးတံတား) သည် မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာအုပ်စုနှင့် ထူးကြီးမြို့ကိုဆက်သွယ်သောလမ်းပေါ်တွင် တည်ရှိပြီး အရှည်ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၄ ပေရှိ ကွန်ကရစ်တိုင်၊ သံဘောင်ယက်မ၊ သစ်သားကြမ်းခင်းအမျိုးအစားဖြင့် တည်ဆောက်ထားပြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် သစ္စာလွန်ဆေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**ဝင်းမိုလ်(မြို့နယ်ပြန်/ဆက်)**

## စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေးဟောပြောသရုပ်ပြ



**တောင်ကြီး မတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရွှေညောင်မြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော တောင်ကြီးမြို့နယ် ရွှေညောင်တွင် စက်သုံးဆီအရောင်းဆိုင်များ (ရှမ်း/တောင်) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပို့ချပွဲနှင့် သရုပ်ပြပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက ရွှေညောင်ဌာနခွဲ(က)အဆင့် ရွှေနံ့သာ အစည်းအဝေးခန်းမနှင့် ရွှေညောင်-ရပ်စောက်လမ်း၊ သုခချမ်းသာ(၁)တွင် ကျင်းပရာ ရှမ်းပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့် တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပို့ချပွဲနှင့် သရုပ်ပြပွဲအစီအစဉ်အရ ရှမ်းပြည်နယ်၊ ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ရွှေညောင်ဌာနခွဲ(က)အဆင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဌာနခွဲမန်နေဂျာ ဦးစိုးတင့်က (ပက်ထရိုလီယမ်ပရောဒက်(စ်) ဟန်းလင်းပရောစက်စ်) PertoLeum Products Hand Ling Process နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူက သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အထွေထွေလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ရှင်းလင်းဟောပြောကြားခဲ့သည်။

ယင်းနောက် လက်တွေ့သရုပ်ပြသခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် သရုပ်ပြသရာတွင် နယ်မြေမီးသတ်စခန်း၊ ဒုတိယဦးစီးမှူး ဦးမြင့်သန်းကဦးဆောင်၍ သန္ဓေ ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၁၅ ဦးနှင့် မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့က လက်တွေ့ မီးငြိမ်းသတ်ပုံများကို လက်တွေ့ပြသ လေ့ကျင့်ပေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## တောင်သူများ အကျိုးစီးပွားတိုးတက်စေရန် ရည်ရွယ် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းဖွင့်

**မအူပင် မတ် ၄**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကျေးလက်ဒေသရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာများ အသုံးချရာတွင် အခက်အခဲမရှိ လုပ်ငန်းခွင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပမည့် စက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်းဖွင့်ပွဲကို စစ်ကိုင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းတွင် စစ်ကိုင်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၃၀ တက်ရောက်ပြီး တတ်မြောက်ကျွမ်းကျင်မှုရှိစေရန် စာတွေ့၊ လက်တွေ့စနစ်တကျ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရ၊ မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကြည်မြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် တောင်သူများ၊ သင်တန်းသားများတက်ရောက်ကြသည်။

သင်တန်းရည်ရွယ်ချက်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေပြီဖြစ်သဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ထွန်စက်များ၊ ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းဖြင့် သီးနှံများအရည်အသွေးကောင်းမွန်ထိန်းသိမ်းရေးအထောက်အကူပြုနိုင်ရန်နှင့် အချိန်ကုန်သက်သာ၍ လေလွင့်မှုနည်းပါးခြင်း၊ လုပ်အား ကုန်ကျစရိတ်ပါ သက်သာစေသဖြင့် တောင်သူများ၏ အကျိုးစီးပွားတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သုခချမ်းသာ ကျန်းမာရေးအထောက်အကူပြု လူမှုကူညီရေးအဖွဲ့၏ ဆေးခန်းဆောက်လုပ်ရန် မြေလှူဒါန်း

**နွားထိုးကြီး မတ် ၄**

နွားထိုးကြီးမြို့ သုခချမ်းသာကျန်းမာရေးအထောက်အကူပြု လူမှုကူညီရေးအဖွဲ့၏ ဆေးခန်းဆောက်လုပ်ရန် မြေလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က အမှတ် (၂) ရပ်ကွက် သိမ်တော်ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သိမ်တော်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇဋိလက သုခချမ်းသာအဖွဲ့ ဆေးခန်းဆောက်လုပ်ရန် ပေ (၆၀ × ၃၀) ကျယ်ဝန်းသောမြေကို နွားထိုးကြီးမြို့နယ်၏ ကျန်းမာရေး၊ လူမှုရေးကူညီစောင့်ရှောက်ရန် မေတ္တာရှေ့ထား၍ တိုင်းသံဃာ့ဝန်ဆောင်ချိုင်းနားကျောင်းဆရာတော်၊ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ မှန်ကျောင်းဆရာတော်၊ ဒုတိယဥက္ကဋ္ဌရွှေကျောင်းဆရာတော်နှင့် အမှတ် (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ရှေ့တွင် ပေးအပ်လှူဒါန်းရာ သုခချမ်းသာလူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးအေးလွင်က လက်ခံရယူခဲ့သည်။

ယင်းလှူဒါန်းသောမြေပေါ်တွင် ခေတ်မီဆေးခန်းအဆောက်အအုံကို ၂၀၁၅ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## ဖြူစင်စေတနာပရဟိတလူငယ်များ နတ်တလင်းမြို့ ဘိုးဘွားရိပ်သာတွင် အာဟာရဒါနပြုလုပ်

**နတ်တလင်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ဘိုးဘွားရိပ်သာတွင် မတ် ၁ ရက် နံနက် ၁၀ နာရီ၌ ပြည်မြို့မှ ဖြူစင်စေတနာပရဟိတလူငယ်များက အဘိုးအဘွားများအား တစ်နေ့တာအာဟာရ ဒါနပြုခြင်း၊ သွားတိုက်ဆေးအပါအဝင် အခြားပစ္စည်းလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့ဒါနခြင်းနှင့်ပတ်သက်၍ လူငယ်အဖွဲ့ခေါင်းဆောင် မနီလာထွန်းက ယခုကဲ့သို့ သက်ကြီးရွယ်အိုများလိုအပ်ချက်များကို တတ်နိုင်သရွေ့မိမိတို့လူငယ်များအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောသည်။

အဘိုးတစ်ဦးကလည်း လှူဒါန်းကျွေးမွေးရသောကောင်းမှုကုသိုလ်များအတွက် ဆုတောင်းမေတ္တာပို့သပေးခဲ့သည်။

သာယာဝတီခရိုင် နတ်တလင်းမြို့ ဘိုးဘွားရိပ်သာတွင် အဘိုး၁၃ ဦး၊ အဘွား ၁၄ ဦး စုစုပေါင်း ၂၇ ဦး ရှိကြောင်းသိရသည်။

**(၀၇၁)**



## တိုင်းရင်းသားစာပေ အရည်အချင်းစစ်

**သံဖြူဇရပ် မတ် ၄**

တိုင်းရင်းသားစာပေ(မွန်ဘာသာ) မြို့နယ်အဆင့် အရည်အချင်းစစ် စာမေးပွဲဖြေဆိုခြင်းကို မတ်၁ရက် နံနက်၉နာရီကသံဖြူဇရပ်မြို့အောင်မင်္ဂလာ မူလွန်(၂)၌ ကျင်းပခဲ့ကြောင်းသိရသည်။

မွန်ဘာသာအရည်အချင်းစစ် စာမေးပွဲဖြေဆိုရာတွင် မြို့နယ်အတွင်းရှိ မွန်စာပေသင်ကျောင်း စာစစ်ဌာနများ၌ ဖြေဆိုသူ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားကျောင်းသူ၉၈၃ ဦးရှိပြီး ယင်းတို့အနက်မှ အတန်းလိုက် အထူးအောင်မြင်သူ သုံးဦးစီရွေးချယ်၍ မြို့နယ်အဆင့်အရည်အချင်းစစ် စာမေးပွဲသို့ ၉၂ ဦး ဝင်ရောက်ဖြေဆိုခြင်း ဖြစ်သည်။ စာမေးပွဲ ဖြေဆိုရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သိန်းအောင် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးသိန်းထွန်းတို့က ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းအပြင် ကရင်တိုင်းရင်းသားစာပေ(ပိုးကရင်၊ စကောကရင်ဘာသာ)အရည်အချင်းစစ် စာမေးပွဲကိုလည်း ဗဟိုအဆင့်အဖြစ် သံဖြူဇရပ်မြို့နယ် အထက(ခွဲ)ဝဲခမိ ကျေးရွာ၌ ကျင်းပခဲ့ရာ ပိုးကရင်ဘာသာတွင် ၆၀ ဦးနှင့်စကောကရင်ဘာသာတို့တွင် ၈၀ ဦးတို့ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း (ပြန်/ဆက်)**

# သံတွဲနှင့် ကျောက်ဖြူခရိုင် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ မတ် ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သံတွဲမြို့သို့ ရောက်ရှိပြီး မြို့လူထုတင်ပြတောင်းခံသော သံတွဲမြို့ ပင်လယ်ကမ်းခြေဆင်းလမ်းဖောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် မအီမြို့သို့ ရောက်ရှိပြီး မအီမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူနေသောလူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မအီမြို့မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြု ကော်မတီ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံပြီး နိုင်ငံခြားခရီးအတွေ့အကြုံ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများက ဒေသအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအီမြို့ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကာ ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီးအဆိုပါ အဖွဲ့သည်ကျောက်ဖြူမြို့နယ် စနဲစံပြကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်၌ ကျေးရွာအတွင်းမှ ဒေသခံများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာ ဒေသခံများမှ ဒေသအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်မှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရန်ကုန်-ကျောက်ဖြူလမ်း (ဇင်ချောင်းကမ်းခြေ) တွင်ပြုလုပ်မည့် လှိုင်းကာရေထိန်း၊ မြေထိန်းနံရံပြုလုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ၎င်းမှ လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ ခိုင်ခံ့ကောင်းမွန်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသခံများနှင့်ဆက်လက်တွေ့ဆုံပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများအားရှင်းလင်းပြောကြားပြီး ဒေသခံများကဒေသအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**



## ရေစကြိုမြို့နယ်တွင် မြေအောက်ရေဖြင့် နွေစပါး ဧက၁၆၂၀ အပြည့်အဝစိုက်ပျိုးမည်

**ရေစကြို မတ် ၄**

နွေစပါးသည် ရေသေချာပါက မိုးစပါးထက် အထွက်နှုန်းပိုကောင်း၍ အညာတောင်သူတို့ အားထားစိုက်ပျိုးကြပြီး ရေစကြိုမြို့တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံးရှိ လယ်မြေများတွင် မြေအောက်ရေဖြင့် နွေစပါး ဧက၁၆၂၀ကို အပြည့်အဝစိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အညာဒေသက စပါးစိုက်ပျိုးရေးမှာ ကုန်းပိုင်းနဲ့ ကျွန်းပိုင်း စိုက်ရက်ချင်းမတူဘူး။ နောက်ပြီး လျှပ်စစ်မြစ်ရေတင်ဒေသ၊ ဆည်ရေသောက်ဒေသနဲ့ မြေအောက်ရေဒေသမှာလည်း မတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆည်ရေ နဲ့ လျှပ်စစ်မြစ်ရေတင်ဒေသတွေမှာ မိုးစပါးအပြီး အစိုဓာတ်မကုန်ခင် ကုလားပဲ၊မတ်ပဲတွေကို စိုက်ပျိုးကြတယ်။ အခုကုလားပဲ၊ မတ်ပဲတွေက မရိတ်ကြရသေးတော့နွေစပါးစိုက်လို့မရသေးဘူး။ကျွန်တော် မြေအောက်ရေစပါးကွင်းကတော့ မိုးစပါးစိုက်အပြီးကြားသီးနှံမရှိတဲ့အတွက်ကြောင့် နွေစပါးကိုစောပြီးစိုက်ပါတယ်။ စပါးမျိုးကတော့ ပုလဲသွယ်အပါအဝင် သက်လျှင်စပါးမျိုးများကို စိုက်ကြပါတယ်။ နွေစပါးပြီးတော့ မိုးသီးနှံနဲ့ CP အစေ့ထုတ် ပြောင်းစိုက်ကြပါတယ်" ဟုထန်းဆယ်ပင်ရွာမှတောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းမိုးနည်းဒေသတွင်ပါဝင်သော မြို့နယ်ဖြစ်ပြီး ဒေသ၏ ရေမြေသဘာဝ အနေအထားများကြောင့် လည်းကောင်း၊ ရေရရှိရေးနည်းလမ်းများကြောင့်လည်းကောင်း နွေစပါးစိုက်ပျိုးမှုသည်လည်း တစ်ပြေးညီမဟုတ်ဘဲ ကွာခြားချက်များရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## မော်လမြိုင်ကျွန်း အဝေးပြေးယာဉ်ရပ်နား စခန်း ကားကြီးဝင်း တည်ဆောက် ပြီးစီး

**မော်လမြိုင်ကျွန်း မတ် ၄**

မြစ်ဝကျွန်းပေါ်ဒေသမှ ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အဝေးပြေးယာဉ်ရပ်နားစခန်း (ကားကြီးဝင်း)ကို မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ် စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီတို့မှ ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်မှစတင်ဆောက်လုပ်ခဲ့ကြရာ ဖေဖော်ဝါရီ ၂၈ ရက်ညနေပိုင်းတွင် အဝေးပြေးယာဉ်ရပ်နားစခန်း (ကားကြီးဝင်း) တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းအဝေးပြေးယာဉ်ရပ်နားစခန်း (ကားကြီးဝင်း) မှာ မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားအမှတ် (၂) အနီး မြေနေရာတွင် အလျား ၆၅၄ ပေ၊ အနံပေ ၂၈၀ အကျယ်အဝန်း၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသမှ ခရီးသွားပြည်သူများ၊ မြို့နယ်အတွင်းမှ ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ စောင့်ဆိုင်းနားနေနိုင်ပြီး ယာဉ်စီးနင်းမှု လွယ်ကူအဆင်ပြေတော့မှာဖြစ်သည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်း (ကားကြီးဝင်း) တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သဖြင့် မတ် ၂၇ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## အောက်မေ့ပူဇော်ပွဲနှင့် မဟာဓမ္မိကာရာမ စမွာယ်ရုံကျောင်းတိုက်(၄၅)နှစ်ပြည့်ပြုလုပ်

**ရေနံချောင်း မတ် ၄**

ရေနံချောင်းမြို့အိုးဘိုရပ်ကွက်တွင်ရှိသော မဟာဓမ္မိကာရာမ စမွာယ်ရုံကျောင်းတိုက် ဆရာတော်ကြီးသက်တော် ၁၀၀ ရောက်မွေးနေ့ အောက်မေ့ပူဇော်ပွဲနှင့် ကျောင်းတိုက်တည် ၄၅ နှစ်ပြည့် ပရိယတ္တိဂုဏပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ရက်ထိ စမွာယ်ရုံကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းအောက်မေ့ပူဇော်ပွဲတွင် တရားချစ်ခင်သူတော်စင်များအား ည ၇နာရီမှ ၉နာရီခွဲထိ တရားပွဲများ ပြုလုပ်ပေးကြောင်း သိရသည်။

**သိန်းဇော်(ပြန်/ဆက်)**

## ချင်းပြည်နယ်တရားလွှတ်တော်ရုံး လုပ်ငန်းညှိနှိုင်း ထပ်ဆင့်ရှင်းလင်း

**ဟားခါး မတ် ၄**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရား လွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၏ မှာကြားချက်များနှင့် အစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့၊ ချင်းပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ချင်းပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူး ဦးတဲရင့်စစ်စံမွိုင်းနီခွဲမှ လုပ်ငန်းလမ်းညွှန်မှာကြားချက်များ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ချင်းပြည်နယ် တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသည့် ဦးလှတင်နှင့် ဦးမြင့်သိန်းထွန်း ပြည်နယ်တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် တရားရေးအရာရှိများ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**

## မီးဘေးလုံခြုံရေး စစ်ဆေးမှုများဆောင်ရွက်



**နတ်တလင်း မတ် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၂ ရက်က နယ်မြေမီးသတ်စခန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာပွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီရက်အတွင်း ကျင်းပတော့မည်ဖြစ်သောကြောင့် စာမေးပွဲမဖြေဆိုမီရက်များနှင့် ဖြေဆိုနေစဉ်ရက်များအတွင်း မီးထိတ်လန့်မှုနှင့် မီးလောင်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် တာပွန်ကျေးရွာအုပ်စုအတွင်း မီးသတ်စခန်းခွဲမှ ဦးဝေယံထွန်းဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်တွင်းရှိရာအိမ်မှူးများပူးပေါင်းပြီး မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး သတိပေးခြင်း၊ မီးကြွင်းမီးကျန်မရှိစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို နေ့စဉ်ဆောင်ရွက်ကြရန်တို့ကို သတိပေးပြောကြားခဲ့သည်။

ယင်းနေ့က လုပ်ငန်းရှင်များဖြစ်သော ဆီစက်၊ ဆန်စက်၊ အမှုန့်ကြိတ်စက်၊ ကြက်မွေးမြူရေးခြံများ၊ ပေါင်မုန့်နှင့် မုန့်ဟင်းခါးဖိုများသို့ ဝင်ရောက်စစ်ဆေးရာ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအနေအထားများ၊ မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို စနစ်တကျထားရှိရန်၊ အရေးပေါ်မီးထိတ်လန့်မှုဖြစ်ပေါ်ပါက မီးသတ်ဆေးဘူးဖြင့်ငြိမ်းသတ်နည်းများ၊ အသုံးပြုပုံများအား မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးပြောကြားခဲ့သည်။

**(ဝ၇၁)**

## ဘက်ရဲမြို့ဝင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**ကြံခင်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘတ်ရဲမြို့အဝင်ကားလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလအတွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ဘက်ရဲမြို့အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စခန်းမှူးရဲအုပ်စိုးလွင်ကျော်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ ဘက်ရဲမြို့ ရပ်ကွက်လူထုထည့်ဝင်ငွေများဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်ခဲ့သည်။

ဘက်ရဲမြို့အဝင် ကွန်ကရစ်လမ်းကို လမ်းအကျယ် ၁၈ ပေ၊ အမြင့် ၆ လက်မ၊ အရှည်ပေ ၂၀၀၀ ခင်းသွားမည်ဖြစ်သည်။ အလှူငွေများထပ်မံရရှိလျှင် ဘက်ရဲမြို့တွင်းအထက်တန်းကျောင်းကြီးရှေ့ထိ လမ်းခင်းရန်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ရောဦးသာ**

## မိုးပွင့်(အထူး)စီမံချက် နံ့သာအုပ်စု၌ပြုလုပ်ပေး

**အင်းတော် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာအခြေခံပညာအထက်တန်း(တွဲဘက်) ကျောင်းတွင် မတ် ၁ ရက် ညနေ ၃ နာရီက မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့် တက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ ကသာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းခိုင်၊ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် တာဝန်ရှိသူများ၊ အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအောင်သူနှင့် ဝန်ထမ်းများ၊ နံ့သာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသက်ပြင်းနှင့် ဒေသခံများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၂၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်မှ မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများမှ နံ့သာအုပ်စုအတွင်းရှိ ဒေသခံများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၇ ကတ်အားပေးအပ်ခဲ့ပြီး နံ့သာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသက်ပြင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ကိုမင်း(အင်းတော်)**

## ဟိုပန်ခရိုင် ဟိုပန်မြို့ မဟာအတုလမောရမှန်ကူသယမ္ဘူ (ခေါ်) ၃၁ ဘုံ ဆုတောင်းပြည့်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ဟိုပန် မတ် ၄**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ မဟာအတုလမောရမှန်ကူသယမ္ဘူ (ခေါ်) ၃၁ ဘုံ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၂၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါစေတီရင်ပြင်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းဗုဒ္ဓပူဇနိယပွဲတော်သို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဇနီးဒေါ်စောနန်းပန်၊ တိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို နမောတသသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟဗလထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဇနီးဒေါ်စောနန်းပန်မိသားစုက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်တို့က ဗုဒ္ဓပူဇနိယပွဲတော်အား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဖွင့်လှစ်ပေးခဲ့သည်။

၁၉၈၉ ခုနှစ် 'ဝ' ဒေသ ငြိမ်းချမ်းရေးရယူနိုင်ခြင်းအထိမ်းအမှတ် ဒေသတွင်း တည်ငြိမ်အေးချမ်းခြင်း၊ စည်းလုံးခြင်း အတိတ်နိမိတ်တို့ဖြင့် စေတီတော်ကြီးအား တည်ထားကိုးကွယ်ခဲ့ပြီး ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၂၆)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင်လည်း အစဉ်အလာမပျက် ဖေဖော်ဝါရီ၂၈ ရက်မှ မတ် ၃ ရက်ထိ ညစဉ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မတ် ၁ ရက်မှ ၃ ရက်ထိ နေ့စဉ် ရှမ်းဘာသာဖြင့် ဗုဒ္ဓတရားစာဟောပွဲပြုလုပ်ခြင်း၊ ဒေသခံတိုင်းရင်းသားမိဘများ၏ ရင်နှစ်သည်းခြာသားသမီး ၈၉ ယောက်အား ဒေသဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရှင်ပြု၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်ခြင်း၊ မတ်လ ၄ ရက် (လပြည့်နေ့) တွင် ရဟန်းသာမဏေများအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ မတ်လ ၅ ရက်တွင် ရေစက်ချအလှူတော်ပွဲကို စည်းကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဆောင်းပါး

# စိမ်းလန်းသာယာစေ ကမ္ဘာမြေ

**a သန့်ဇင်ဝင်း**

"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်" သစ်ရိပ်၊ ဝါးရိပ်များသည် အေးမြစေပြီး လူတို့၏ စိတ်ကိုလည်း ကြည်နူးသန့်စင်စေသဖြင့် သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်တွင် အေးချမ်းစွာ တရားထူးရနိုင်ပေသည်။ နွေရာသီတွင် အပူဒဏ်ကာကွယ်ပေးပြီး အဖိုးတန်သလို၊ ရာသီမရွေး ဥတုဒဏ်ကို ကာကွယ်ပေးနိုင်သည်။ ပတ်ဝန်းကျင်ကိုလည်းစိမ်းလန်းကာ သက်ရှိတို့ကို အကျိုးရှိစေသည်။ 'အသက်ရှည်ချင်သစ်ပင်စိုက်'ဆိုသည်မှာ ရှေးလူကြီးများ၏ဆုံးမစကားဖြစ်သလို သပ္ပံနည်းကျတွေးပါကလည်းအမှန်ပင်ဖြစ်နေသည်။ သစ်ပင်သည် လူအပါအဝင် သက်ရှိများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီး အောက်ဆီဂျင်ပြန်ထုတ်ပေးကြောင်း သိပ္ပံဘာသာရပ်တွင် သင်ခဲ့ကြရသည်။သစ်တစ်ပင်၏တန်ဖိုးကား ကြီးမားလှပေသည်။ သစ်ပင်များလျော့နည်းလာပါက လူသားတို့ကို ဘေးအန္တရာယ်များ ကျရောက်လာစေနိုင်သည်။

WHO ကမ္ဘာ့ကျန်းမာရေးညွှန်းကိန်းများအရ လေထုညစ်ညမ်းမှုသည် Health and Environment Linkages Initiative HELI ၏ စစ်တမ်းအရ ရောဂါဖြစ်ပွားမှုအားလုံး၏ ၂၅ ရာခိုင်နှုန်းသည် ကမ္ဘာ့လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပြီး ၃၅ ရာခိုင်နှုန်းသည် အာဖရိကတိုက် ကျေးလက်ဒေသများတွင် ဖြစ်ပွားလျက်ရှိသည်ဟု သိရသည်။ ယင်းကြောင့် ၂၀၁၄ ခုနှစ်က New York မြို့တွင်ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အလုပ်အကိုင်အခန်းကဏ္ဍများကိုပါ ထည့်သွင်းဆုံးဖြတ်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် ၃ ဒသမ ၇ ဘီလီယံနီးပါး သေဆုံးခဲ့ပြီး၊ လူ ၄ ဒသမ ၃ ဘီလီယံနီးပါး အိမ်တွင်းချက်ပြုတ်သည့် မီးခိုးနှင့် လေထုညစ်ညမ်းမှုများကြောင့် သေဆုံးခဲ့သည်။ လူရှစ်ဦးတွင် တစ်ဦးသည် လေထုညစ်ညမ်းမှုကြောင့် သေဆုံးလျက်ရှိနေပြီး ဝင်ငွေနိမ့်ပါးသည့် နိုင်ငံများတွင် အဖြစ်များကြောင်း၊ နှစ်စဉ် လူ ၇ ဘီလီယံ လေထုညစ်ညမ်းသဖြင့် သေဆုံးနေကြောင်း UN မှ သတင်းဖော်ပြထားသည်။ စက်တပ်ယာဉ်များအစား လျှပ်စစ်ယာဉ်များ၊ စက်ဘီးများကို အစားထိုးသုံးစွဲလာကြခြင်းဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချလာခဲ့ကြသည်။ ၂၀၁၄ ခုနှစ်က ၆၁ နိုင်ငံရှိ မြို့ကြီး ၁၆၀၀ ကို စစ်တမ်းကောက်ယူခဲ့ရာ PM 10 မှ 2.5 microns ကြားတွင် ရှိနေကြောင်း WHO ၏ Ambient (outdoor) air pollution in cities database 2014 အရသိရသည်။ မီးခိုးများနှင့် အိမ်တွင်းမီးဖိုဆောင်များမှထွက်သည့် အပူငွေ့များသည် ကမ္ဘာ့လေထုအိုဇုန်းလွှာပေါက်စေမှုကို ကြီးမားစေပြီး နေရောင်ခြည်မှ ခရမ်းလွန်ရောင်ခြည်များကိုလည်း မြင့်မားစေနိုင်သည်။

ရန်ကုန်မြို့တွင်း မြို့နယ်တချို့တွင် အမှိုက်များကို ပုံကာမီးရှို့သည့်အလေ့အကျင့်များ ရှိနေဆဲဖြစ်သည်။ ကျေးလက်ဒေသများတွင်လည်း လယ်ယာများမှထွက်ရှိသည့် အမှိုက်များကို မီးရှို့နေဆဲပင်။ ထိုမှထွက်ရှိသော မီးခိုးများသည် ပတ်ဝန်းကျင်ကို မြူများဆိုင်းကာ လေထုကို ညစ်ညမ်းစေသည်။ အမှိုက်များကို မီးပုံရှို့မည့်အစား စွန့်ပစ်အမှိုက်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများသို့ ရောက်ရှိနိုင်မည့် နည်းလမ်းများရှာဖွေကာ လုပ်ဆောင်ပေးခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို သက်သာစေပြီး ကုန်ကြမ်းရရှိမှုကိုလည်း ဖြည့်ဆည်းရာရောက်ပေသည်။ အဆိုပါအမှိုက်များကို မီးရှို့ခြင်းနှင့် လူတို့နေ့စဉ်ချက်ပြုတ်နေသည့် အပူအိုးများမှထွက်သည့် အပူငွေ့များတွင် မီသိန်းဓာတ်များပါရှိပြီး ရှူရှိုက်မိသူများ၏အဆုတ်ကိုတိုက်ရိုက်ထိခိုက်စေကြောင်း၊ အိုဇုန်းလွှာကိုလည်း ထိခိုက်စေနိုင်ကြောင်း နိုင်ငံတကာတောင်များကိုထိန်းသိမ်းရေးအဖွဲ့က ၂၀၁၅ ဖေဖော်ဝါရီ ၂၅ ရက်ကထုတ်ပြန်ခဲ့သည်။

အရိပ်ရသစ်ပင်ကြီးတစ်ပင်သည် အဲကွန်း ၁၀ လုံးနှင့်ညီမျှပြီး သစ်ပင်ပျိုများသည် သစ်ပင်အိုများထက် မြူ၊ ဖုန်မှုန့်များနှင့် ကာဗွန်ဒိုင်အောက်ဆိုက်များကို ပိုမိုစုပ်ယူနိုင်စွမ်းရှိကြသည်။ ကားလမ်းဘေးတွင်စိုက်ထားပါက အသံဆူညံမှုများကို လျှော့ချပေးနိုင်သည်။ အပင်တိုင်းတွင် သူ့အစွမ်းနှင့်သူရှိကြပေသည်။ ပညာရှင်များ၏ အကြံပြုချက်အရ အနုမြူသင့်သည့်နေရာများတွင် နေကြာပင်များ သုံးနှစ်တိတိစိုက်ပျိုးခဲ့ရာ သုံးနှစ်အတွင်း လုံးဝကင်းသည့် မြေနေရာအဖြစ် ပြောင်းလဲနိုင်ခဲ့သည်မှာ အပင်များ၏ သဘာဝအစွမ်းအာနိသင်များပင် ဖြစ်သည်။ ထို့ပြင် မြေကြီးတွင်းမှ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်ပြီး မြေဆီစိမ့်စမ်းထိန်းသိမ်းပေးကာ ပတ်ဝန်းကျင်ကို အရိပ်အာဝါသများဖြင့် အေးမြစေပါသည်။

ရန်ကုန်မြို့ထဲရှိ ရုံးတစ်ရုံးမှ အရာရှိတစ်ဦးသည် သူ့ရုံးရှေ့မှ သစ်ပင်တစ်ပင်အား စည်ပင်မှလာရောက်ခုတ်လှဲခဲ့သဖြင့် လအတန်ကြာအောင်ပင် စိတ်ဆင်းရဲမှုခံစားခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။ 'သစ်တောနဲ့သစ်ပင် ချစ်ခင်သည့်လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး' ဆိုသည့် အတိုင်းအေးချမ်းသည့် သဘာဝပတ်ဝန်းကျင်ကို ရရှိခံစားရမည်ဖြစ်သည့်အတွက် သစ်တောသစ်ပင်များကို ထိန်းသိမ်းရန် အရေးကြီးပေသည်ဟု သစ်ပင်များ၏အကျိုး ကျေးဇူးကြီးလှပုံကို ရန်ကုန်တက္ကသိုလ်ပါမောက္ခ ဆရာကြီးဦးဝင်းက ယခုကဲ့သို့ ကဗျာလေးဖြင့် ရွတ်ဆိုကာ ရန်ကုန်တက္ကသိုလ်ရုက္ခဗေဒဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတွင်တက်ရောက်သူများကို ဟောပြောပေးခဲ့သည်။

"ကျောင်းတော်ခရီး၊ လမ်းမကြီး၌၊ ပင်ထီးပညောင်၊ မြစ်တစ်ထောင်နှင့်၊ မြားမြောင်ခက်လတ်၊ ရွက်လည်းစိတ်စိတ်၊ စိစိသိုလျှက်၊ ရိပ်လည်းမြိုင်မြိုင်၊ လေမနိုင်လျှင်၊ ပင်ခိုင်သီးမှည့်၊ အပြည့်ကျေးငှက်၊ စားလျက်သောင်းသဲ၊ မှီဝဲလူဗိုလ်၊ ရိပ်ခိုအများခရီးသွားတို့၊ နားနေပျော်ရွှင်၊ ထိုသစ်ပင်ကား၊ ဝင်လာသောသူ၊ ခပ်သိမ်းလူကို၊ ပူဆာငြိမ်းအောင်၊ စီးပွားဆောင်သို့၊ လူ့ဘောင်ကောင်းကြွယ်၊ လူကုံကယ်လည်း၊ ထိုနည်းလည်းကောင်း၊ ဖြစ်တုံချောင်း၍ မျိုးပေါင်းဆွေပါး၊ လူအများကို၊ သနားကြင်နာ၊ စီးပွားရှာ၍၊ မေတ္တာမကင်း၊ မစခြင်းဖြင့်၊ ထံရင်းမှီကိုးကွယ်စေမင်း"။

ရခိုင်သူမြတ်၏ လောကသာရပျို့မှ ဆုံးမသည့် ကဗျာအတိုင်း အသက်ရှည်ချင်လျှင် သစ်ပင်စိုက်ပါ၊ သစ်ပင်များကိုထိန်းသိမ်းပါဟု ရန်ကုန်ရုက္ခဗေဒဘာသာရပ် နှစ်(၅၀)ပြည့်အထိမ်းအမှတ်တွင် အငြိမ်းစားပါမောက္ခ ဦးဝင်းက ဟောပြောခဲ့သည်။

အချို့ဆေးရုံများနှင့် နေအိမ်များ၊ ရုံးခန်းများတွင် လေသန့်စက်များ၊ အောက်ဆီဂျင်လွှတ်စက်များ တပ်ဆင်ထားခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကာကွယ်လေ့ရှိကြသည်။ သစ်ပင်များကို ထိန်းသိမ်းသင့်ပြီး သစ်ပင်စိုက်ရာသီတွင်လည်း အလေးထားစိုက်ပျိုးသင့်ပေသည်။ ထိုင်းနိုင်ငံတွင် One Tourist One Tree (OTOT) စနစ်ဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များကို တစ်ဦးလျှင် သစ်ပင်တစ်ပင်စိုက်ပျိုးစေပြီး အကောင်အထည်ဖော်ခဲ့ရာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာကြောင်း မြန်မာအော်ဂဲနစ်အသင်းဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများက များလှပေသည်။ သစ်ပင်များသည် လူသားတို့ အချိန်တိုင်းလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်ပေးခြင်း၊ သဘာဝကိုအေးမြစေခြင်း၊ အမြင်မျက်စိပသာဒနှင့် မြင်ရသူ၏စိတ်ကို ကြည်လင်လန်းဆန်းစေခြင်းနှင့် လေထုတွင်းရှိ ဖုန်မှုန့်များ၊ ဆူညံသံများကို စုပ်ယူထိန်းသိမ်းပေးနိုင်ခြင်း၊ အပူဒဏ်၊ ရာသီဥတုဒဏ်၊ လေဒဏ်၊ မိုးဒဏ်များကို ကာကွယ်ပေးနိုင်ခြင်း၊ လူသားတို့ စား၊ ဝတ်၊ နေရေးအတွက် သီးနှံ၊ အဝတ်ထည်များ၊ နေထိုင်ရန်အိမ်များအဖြစ်လည်း ပေးစွမ်းနိုင်သည့်အပြင် ရာသီဥတုကိုလည်း မျှတစေပါသည်။ လူသားတို့၏ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုများကို သန့်ရှင်းသာယာစေသဖြင့် လူသားတို့ကို များစွာအကျိုးပြုနေသဖြင့် သစ်ပင်များကို ထိန်းသိမ်းရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ဝန်းကျင်တွင် သစ်ပင်များကို အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သင့်ပါသည်။

# မဲဆန္ဒရှင်စာရင်း ရေးသွင်းခြင်း အချိန်မီပြီးစီးရေးညှိနှိုင်း

**စစ်ကိုင်း မတ် ၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာဖြင့် ရိုက်နှိပ်ရေးသွင်းပြုစုလျက်ရှိရာ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းညှိနှိုင်းပွဲကို မတ်လ ၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင်ကျင်းပရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွန်းက လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်တာဝန်ခံ ဦးကိုကိုမြင့်က လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများ၊ ဆောင်ရွက်ဆဲအခြေနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ စစ်ကိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(စစ်ကိုင်းခရိုင် ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် သမိုင်းဝင်ရွှေမြင်တင်ဘုရား (၁၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရမည်းသင်း မတ် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအနီး သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်ကြီး၏ တပေါင်းပွဲ ဗုဒ္ဓပူဇနိယပွဲတော်ကြီးဖွင့်ပွဲကို မတ်လ ၁ ရက် နံနက် ၉နာရီက တောင်တော်မြတ်မုခ်ဦးရှေ့တွင် ကျင်းပရာ သံဃနာယက ဆရာတော် နဘူးကျင်းဆရာတော်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရွှေမြင်တင်တောင်တော်မြတ်ရှိ ကိုးခန်းတစ်ဓမ္မာရုံတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်မှ ပရိသတ်များအား ငါးပါးသီလပေးကာ သံဃနာယဆရာတော် ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်မှ ရေစက်ချအနုမောဒနာ တရားပေးပြီး၊ ဂေါပကဥက္ကဋ္ဌဦးသန်းညွန့်က (၁၁၄) ကြိမ်မြောက် တပေါင်းပွဲတော်မှ ရငွေ၊ သုံးငွေစာရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် မြန်မာ့ရိုးရာနွားဒုန်းပြိုင်ပွဲ ဗိုလ်လုပွဲကို မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ညောင်အိုင်ကျေးရွာ နွားဒုန်းမှ ပထမ၊ ပေါက်အိုင်ကျေးရွာနွားဒုန်းမှ ဒုတိယရရှိသွားခဲ့ပြီး အဆိုပါ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလဆုတ် တစ်ရက်အထိ ဇော်ညီအကိုဇာတ်ပွဲဖြင့် ကပြဖျော်ဖြေသွားမည်ဟု သိရသည်။

**ဇော်ဝင်းအောင် (ရမည်းသင်း)**

# မော်ကျွန်း–တယ်ချောင်းလမ်း ပျက်စီးနေမှု ပြုပြင်ပေးစေလို

**မော်လမြိုင်ကျွန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဂျုံးဂျုံးဂျကျေးရွာရှိ မော်ကျွန်း-တယ်ချောင်းလမ်းမှာ ပျက်စီးကာ အချို့နေရာများတွင် ချိုင့်ခွက်ကြီးများဖြစ်ပေါ်နေသောကြောင့် ပြင်ဆင်မှုများပြုလုပ်ပေးစေလိုကြောင်း ဒေသခံများကပြောသည်။

မော်ကျွန်း-တယ်ချောင်းလမ်းသည် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျေးရွာပေါင်း ၁၂ ရွာကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်ပြီး နေ့စဉ်နှင့်အမျှ ခရီးသွားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နာရေးပို့ဆောင်ရေးကားများ ဖြတ်သန်းသွားလာရာတွင် အသုံးပြုသည့် အရေးပါသောလမ်းမကြီးဖြစ်သဖြင့် အဆိုပါလမ်းမကြီးပျက်စီးနေမှုအား ပြုပြင်ပေးသင့်ကြောင်း ဒေသခံများကပြောဆိုနေကြသည်။

**ဇော်လင်းဖြိုး(မော်ကျွန်း)**

# (၄၂) ကြိမ်မြောက် အာဆီယံလူငယ်သင်္ဘောခရီးစဉ် လျှောက်ထားနိုင်ပြီ

**ရန်ကုန် မတ် ၄**

(၄၂)ကြိမ်မြောက် ဂျပန်-အာဆီယံလူငယ်များ၏ အာဆီယံဒေသတွင်း သင်္ဘောခရီးစဉ် SHIP FOR SOUTHEAST ASIAN AND JAPANESE YOUTH PROGRAMME (SSEAYP) တွင်လိုက်ပါလိုသူများ လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း စင်ကာပူနိုင်ငံမှ www.resourceportal.nyc.sg တွင် ဖော်ပြထားသည်။

အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းရှိသူ အာဆီယံနိုင်ငံများမှ စိတ်ဝင်စားသည့်လူငယ်များ sseayp_enquiries@nyc.sg သို့ ဧပြီ ၂၀ ရက်တွင် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းခရီးစဉ်တွင် လိုက်ပါရန် လျှောက်ထားသည့် လူငယ်များအား မိမိတို့သက်ဆိုင်ရာ နိုင်ငံများတွင် သုံးလကြိုတင်၍ သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ခရီးစဉ်အစီအစဉ်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁၆ ရက် အထိ ဖြစ်ပြီး သင်္ဘောခရီးစဉ်မတိုင်မီ ဂျပန်နိုင်ငံတွင် ခရီးစဉ်နှင့်ပတ်သက်၍ကြိုတင်သိထားသင့်သည်များကို သင်တန်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကြောင်းခရီးစဉ်တွင် ပါဝင်သည့် လူငယ်များသည် လူငယ်ရေးရာနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း၊ အားကစား၊ ဖျော်ဖြေပွဲများ လှုပ်ရှားမှုများတွင် ဆွေးနွေးပါဝင်ရမည်ဖြစ်ပြီး လည်ပတ်သည့် နိုင်ငံများမှ လူငယ်များနှင့်လည်း ဆက်ဆံပြောဆိုကာ အိမ်တွင်တည်းခိုခြင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့မှ နိုဝင်ဘာ ၅ ရက်မှစတင် သင်္ဘောထွက်ခွာပြီး၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းတွင် ၁၇-၂၁၊ လာအိုနိုင်ငံ ဗီယန်တင်းတွင် (ခရီးတို)အဖြစ် နိုဝင်ဘာ ၁၈ မှ ၂၀ အထိ၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်၊ မလေးရှားနိုင်ငံ ကိုတားကင်နာဘလူးတွင် ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ လည်ပတ်ပြီးနောက်၊ တိုကျိုတွင် ဒီဇင်ဘာ ၁၅ ရက်တွင် ပြန်လည်ဆိုက်ကပ်ကာ၊ ၁၆ ရက်တွင် အိမ်ပြန်အစီအစဉ်ဆွဲထားပြီးကြောင်း ခရီးစဉ်အားဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံအစိုးရများ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးသန့်**

ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

National Management College (NMC)

Diploma in **BUSINESS MANAGEMENT** နှင့် Diploma in **FINANCE & BANKING**

အမှတ်စဉ် (၄) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Business Management (DBM)

(ခ) Diploma in Finance and Banking (DFB)

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။

(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး **CBM** နှင့် **CFS** အောင်မြင်ထားသူများ

(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ

၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ (၄)ရက် နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့်The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။

၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University

ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်

ဖုန်း - ၃၇၇၉၈၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀

GUSTO

Institute of Information Technology

GUSTO - Institute of IT နှင့် UK ၏အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel တို့ပူးပေါင်းဖွင့်လှစ်သည့် HND Diploma in Computing အတွက် လျှောက်လွှာခေါ်ယူခြင်း

၁ ။ UK နိုင်ငံ Edexcel မှ ပေးအပ်ချီးမြှင့်မည့် QCF Level 5 အဆင့်ရှိ HND Diploma တန်းခွဲသစ်အား ၂၀၁၅၊ မတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

၂ ။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ (သို့) IGCSE အောင်မြင်ထားပြီးသူများ မှစ၍ လျှောက်ထားနိုင်ပါသည်။

၃ ။ UK Curriculum ကိုအသုံးပြု၍ ကျောင်းသားများ၏ တတ်မြောက်မှုကိုသေချာစေရန်နိုင်ငံတကာ တက္ကသိုလ်ကြီးများအတိုင်း Student Centered Approach ဖြင့် သင်ကြားပို့ချပေးနေပါသည်။

၄ ။ HND Diploma ရရှိပြီးပါက GUSTO ၌ဖြစ်စေ၊ UK ထိပ်တန်းတက္ကသိုလ် ကြီးများဖြစ်သော University of West of England, Teesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာတက္ကသိုလ်ပေါင်း (၂၀၀) ကျော်၌ဖြစ်စေ နောက်ဆုံးနှစ်ကိုတိုက်ရိုက်တက်ရောက်ပြီး B.Sc.(Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။

၅ ။ GUSTO သည် Academic Quality ကောင်းမွန်ခြင်း၊ Job Opportunities အများအပြားဖန်တီးပေးနိုင်ခြင်းတို့ကြောင့် IT နယ်ပယ်တွင် ကျောင်းသားအင်အားအများဆုံးတက်ရောက်သင်ကြားနေသည့် Edexcel (UK) အသိအမှတ်ပြု Institute တစ်ခု ဖြစ်ပါသည်။

၆ ။ လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးအပ်နိုင်ပါသည်။

Call Now : 09 862 8806, 09 730 31302, 01 504632

# 289 (A), Pyay Road, Sanchaung Tsp; Yangon.


Samsung
GALAXY GRAND Neo Plus
အားလုံးကြိုက်တဲ့မျက်နှာပြင်ကျယ်
5.0" WVGA Display
1.2GHz Quad Core Processor
5MP Rear + 2MP Front Camera
Dual SIM
Samsung Customer Contact Centre - 01 2399 888
samsungmyanmar
SAMSUNG


SHARP
ဂျပန်နည်းပညာ၏ ထူးခြားဆန်းကြယ်သော အအေးမြမှုဖြင့် ရင်ခုန်ပျော်ရွှင်ကြပါစို့။
AH-XP13SHV
AH-XP13NRV
AH-A9PEV
SJ-S192K-BL
SJ-SK30E-SS
SJ-FP79V-BK
SJ-P47MK3-SL
SJ-K190T-SL
Moe Yu San, Actress,
SHARP Ambassador
SHARP ကို ဂျပန်နိုင်ငံတွင် (၁၉၁၂) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း (၁၀၀)ကျော် ယုံကြည်အားထား လူကြိုက်များသော ဂျပန်ကုန်တံဆိပ်ဖြစ်ပါသည်။
သင့်ဘဝနေထိုင်မှုစနစ်ကို SHARP နှင့်အတူ ဂျပန်နည်းပညာများနှင့်အတူ ပြောင်းလဲလိုက်ကြပါစို့။
JAPAN TECHNOLOGY
www.sharp.com.sg

ကြော်ငြာ

# အထူးလိုက်လံစွာကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူခြင်း

FIRST PRIZE

Union of Myanmar Federation of Chambers of Commerce and Industry( UMFCCI ),
Japan နိုင်ငံ Ministry of Economy, Trade and Industry (METI) နှင့်
The Overseas Human Resources and Industry Development Association (HIDA) တို့ပူးပေါင်း၍ 21.2.2015 နေ့ Kandawgyi Palace Hotel (Yangon) တွင် Best Practice Forum UMFCCI / HIDA Training Course Follow up Project မှ **"Best Achievement Award" ပထမဆု (First Prize)** အား **ငွေဆည်တော် (၉၉၉) ကုမ္ပဏီလီမိတက် (Gold Snack** မုန့်မျိုးစုံထုတ်လုပ်ရေးလုပ်ငန်း) မှထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါသည်။ ထိုသို့ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိအောင် အဘက်ဘက်မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြိုးပမ်းလျက်ရှိသော ငွေဆည်တော် (၉၉၉) ကုမ္ပဏီလီမိတက် ဝန်ထမ်းများအားအထူးလိုက်လံစွာ ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊နောက်နောင်တွင်လည်း ကုမ္ပဏီဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်လက်တွဲ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြပါရန်မေတ္တာ ရပ်ခံရင်းအထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ထို့အပြင် **Gold Snack** မုန့်မျိုးစုံကိုယုံကြည်စွာ ဝယ်ယူဖြန့်ဖြူး အားပေး လက်ခံ စားသုံးကြသော အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်တော်ကြီးများ၊ ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများနှင့် ကျောင်းသူ၊ ကျောင်းသားများကိုများစွာ ကျေးဇူးတင်ရှိကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။




Board of Director အဖွဲ့ဝင်များ
ငွေဆည်တော် (၉၉၉) ကုမ္ပဏီလီမိတက်
GOLD SNACK မိသားစု

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၄/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်သုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-166(14-15) | Maintenance/Requirement for Pipeline Centre (PLC) Daw Nyein | US$ |
| (၂) | IFB-167(14-15) | Spares for National Torque Converter(21)Items | US$ |
| (၃) | IFB-168(14-15) | Electrical Spares (14)Items for $D_3$ $T_2$ Rigs | US$ |
| (၄) | IFB-169(14-15) | 5"Drill Pipe (1000)M | US$ |
| (၅) | IFB-170(14-15) | Maintenance/Requirement for Ywama Gas Distribution Station(GDS) | US$ |
| (၆) | DMP/L-042(14-15) | UPS with Stabilizer (Online System,10KW) & Auto Start Electric Generator (20KVA) | Ks |
| (၇) | DMP/L-043(14-15) | Echosounder (1)Lot | Ks |
| (၈) | DMP/L-044(14-15) | Spares for F1600 Rig Pump (5)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၃-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

POPULAR STAR Travel & Services

Find us on Facebook

တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်ဆမ်း - ရွှေတော်ကဂူ
Mar 26, Apr 11,12,13,17

မန္တလေး - ပင်းကျွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26, Apr 12,17

Scania (2+2) Bus, 3 Stars Hotel, Restaurants

Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

# Holy Land Tour

အစ္စရေး အီဂျစ် ဂျော်ဒန် - (၁၁) ရက်ခရီး

BUSINESS PLUS

BUSINESS PLUS TRAVEL & TOURS
Tel : 01-518 147, 09 731 94 300, 09 7300 3527

562829,09-73198239
569782,09-450006779

B.L.T Travels
ကျိုက်ထီးရိုး 8000
ရောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

r;owjy

ဦးအောင်ကျော် (Tu Tu - Su Su)
English Speaking, Phonetics &Grammar
လျှပ်စစ်ဝန်ကြီးဌာန-အငယ်တန်းအင်ဂျင်နီယာ(၂)
အတွက်အင်္ဂလိပ်စာနှင့်မေဂျာကိုအထူးပို့ချပေးမည်
ရေအရင်းအမြစ်အငယ်တန်းအင်ဂျင်နီယာ(၂)
၆/၇-၂၀၁၅ဖြေဆိုမည့်သူများအတွက် သင်တန်းများစတော့မည်
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ဖုန်း- ၂၅၀၇၂၇၊၀၉၅၁၆၃၈၈၄

# MIC
# Myanmar Imperial College

edexcel Approved Centre No. 93679



- Diploma in Business
- Diploma in Advertising & Branding
- Diploma in Hospitality & Tourism
- B.A (Hons) Business Management
- B.A (Hons) Marketing Management

MBA

- MIC တွင်တက်ရောက်နိုင်သော Diploma (HND) ကို UK မှတိုက်ရိုက်ပေးအပ်ပြီး Diploma ရရှိပြီးပါက Bachelor Degree ကို MIC တွင်ဖြစ်စေ၊ နိုင်ငံတကာရှိတက္ကသိုလ်ကြီးများတွင်ဖြစ်စေ အချိန်ကာလ (၁)နှစ်အတွင်း ဆက်လက်သင်ကြားနိုင်ပါသည်။
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ရယူလိုသော တက္ကသိုလ်ဘွဲ့ရများအနေဖြင့်လည်း အင်္ဂလန်မှ တိုက်ရိုက်ပေးအပ်သော စီးပွားရေးမဟာဘွဲ့ MBA ကို အချိန်ကာလ (၁)နှစ်ခွဲအတွင်း ရယူနိုင်ပါသည်။

**Enroll Now!** အမှတ် (၆၂/C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ **09 73210001/01 537562**

STAR SPORTS CENTRE

အားကစားပစ္စည်းအရောင်းဆိုင်

ဆိုင်လိပ်စာ။

# WIN Japanese Language School

| Section | Period | Day | Month |
|---|---|---|---|
| Basic | 7,14.3.2015 | Sat,Sun | 6 |
| Basic | 17,24.3.2015 | Tue~Fri | 3,4.5 |
| Intermediate | 31.3.2015 | Tue~Thu | 3.5 |
| Basic | 7,28.4.2015 | Tue~Fri | 3 |
| Intermediate | 28.4.2015 | Tue~Fri | 3 |
| Pre-Adv(I) | 14.3.2015 | Sat,Sun | 5 |
| N2,N3(Read:+Vocab) | 24.4.2015 | Fri~Sun | 3 |
| N2,N3(Read:+Kanji) | 28.4.2015 | Tue~Thu | 3 |
| N2,N3(Kanji) | 12.5.2015 | Tue~Thu | 4 |
| N1(Read:+Vocab) | 16.5.2015 | Sat,Sun | 3.5 |

No.278,(First Floor),Theinbyu Road, Botahtaung Tsp.
Tel: 294613, 297998, 299493 (စိန်ပေါလ်မှတ်တိုင်။)

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ Mr. Myanmar Travel & Tours Co., Ltd




Japan 9D8N (11-19 April)
Korea 8D7N (11-18 April)
Singapore 5D4N (12-16 April)
HongKong 8D7N (14-21 April)
Bangkok 6D5N (12-17 April)

Mr. Myanmar
ဒူဘိုင်း ဖူးခက် ဗီယက်နမ် ကမ္ဘောဒီးယား

TEL: 228828, 09799753144, 09799753155 တိုက်(၂၉/၃၀)၊ အခန်း(၂၉-ဘီ)၊ ပထမထပ်၊ ဗဟိုရိပ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်



ရွှေဝင်ရွှေပုံ Travels & Tours

No.67, Baho Rd,Sanchaung Township,
Ph: 01-500191,519292,519293,510491,
519360,09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339

* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

| | | |
|---|---|---|
| ဘန်ကောက် (၆)ရက် USD 720 | ဘူတန် (၅)ရက် USD 2800 | ပန်ကျက်ပြည်နယ်(အိန္ဒိယ) (၈)ရက် USD 1900 |
| ဘန်ကောက်+ဖူးခက် (၆)ရက် USD 1100 | သီရိလင်္ကာ (၇)ရက် USD 1400 | မော်လဒိုက် (၆)ရက် USD 1700 (ဖုန်း) |
| စင်ကာပူ (၄)ရက် USD 880 / (၅)ရက် USD 1000 | ဂျပန် (၉)ရက် USD 3200 | ဩစတြေးလျ (၁၀)ရက် USD 4500 |
| စင်ကာပူ+မလေးရှား (၈)ရက် USD 1400 | ကိုရီးယား (၈)ရက် USD 2000 | အင်္ဂလန်+စကော့တလန် (၁၀)ရက် USD 5500 |
| ဘာလီ (၅)ရက် USD 1100 | ရုရှား (၉)ရက် USD 4500 | ဥရောပနိုင်ငံကြီး (၈) နိုင်ငံ (၁၅)ရက် USD 4800 |
| ဘာလီ+စင်ကာပူ (၈)ရက် USD 1500 | ဒူဘိုင်း+အဘူဒါဘီ (၇)ရက် USD 1950 | နော်ဝေ+ဆွီဒင်+ဒိန်းမတ်+ဖင်လန် (၁၂)ရက် USD 5300 |
| ဗီယက်နမ် (၆)ရက် USD 850 | စပိန် + ပေါ်တူဂီ (၁၄)ရက် USD 4500 | အမေရိကန် (၁၆)ရက် USD 6700 / (၂၀)ရက် USD 7700 |
| ဗီယက်နမ်+ကမ္ဘောဒီးယား (၈)ရက် USD 1350 | စီအမ် ([illegible]) + ရှန်ဒူး (၈)ရက် USD 1900 | |
| ကမ္ဘောဒီးယား+လာအို (၈)ရက် USD 1800 | ဗီကင်း+ရှန်ဟိုင်း (၈)ရက် USD 1750 | |
| ဗုဒ္ဓဂယာ(အဆောင်မြင့်) (၈)ရက် USD 1350 | ဟောင်ကောင်+ကွမ်ကျိုး+မကာအို (၈)ရက် USD 1700 | |



CitiAvenue Travels & Tours ၏ နှစ်သစ်ကူးပိတ်ရက် သင်္ကြန်ခရီးစဉ်များ

CitiAvenue Travels & Tours
www.facebook.com/citiavenue

- ဘန်ကောက် - ပတ္တရား (5D/4N) April 12 ~ 16 USD 750
- ဟောင်ကောင် - ဘာလီ (8D/7N) April 11 ~ 18 USD 1770
- ဒူဘိုင်း (9D/8N) April 13 ~ 21 USD 2750
- ကိုရီးယား (7D/6N) April 12 ~ 18 USD 1730
- စင်ကာပူ (5D/4N) April 12 ~ 16 USD 985
- ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 13 ~ 20 USD 1890
- ဂျပန် (8D/7N) April 12 ~ 19 USD 2650
- ဗီယက်နမ် (5D/4N) April 13 ~ 17 USD 880
- ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် (8D/7N) April 14 ~ 21 USD 1595
- ဩစတြေးလျ (7D/6N) April 10 ~ 16 USD 3400

အမှတ် ၁၃၉ (က) ၊ အောက်ကြည့်မြင်တိုင်လမ်း ၊ အလုံမြို့နယ် ၊ ရန်ကုန်။ 09 732356 12 ,09 732356 21 ,09 25090 1188 ,09 25090 1199 ,01 211609



YCTC Business Institute

တနင်္လာနေ့တိုင်း ကျောင်းဖွင့်ထားသည်

အမှတ် (၃၂/၂-၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း အ.ထ.က (၂)ဗဟန်း အနီး။
Ph : (01) 542033, (09) 420118100 , (09) 250640429

**Certificate in Financial Management**
ဒေါ်ငွေငွေမြင့် (ရန်ကုန်စီးပွားရေး တက္ကသိုလ်)
5:00pm to 8:00pm

**Cert in Customer Service Management**
Asst. Prof. ဦးဝင်းမင်းသိမ်း (ဆရာ Kevin) ၊ Principal of YCTC
5:00pm to 8:00pm

Saturday Only (6 Weeks)
21st March စမည်

**Cert in Human Resource Management**
Dr. ဒေါ်ဥမ္မာမြင့် Ph.D (HRM, Delhi) (ကထိကဟောင်း၊ YIE)
9 : 00 am to 12 : 00 pm

**Cert of Leadership and Organizational Development**
ဝုဏ်ထူးဆောင် ပါမောက္ခ ဒေါ်လှမြင့် နှင့် Eco မှ ပါမောက္ခ တစ်ဦး
1 : 00 pm to 4 : 00 pm

**Professional Cert in Marketing Management**
Asst. Prof. ဦးဝင်းမင်းသိမ်း (ဆရာ Kevin) ၊ Principal of YCTC
4: 00 pm to 7 : 00 pm

(Batch 20)
March 22nd စမည်။

Sunday Only (6 Weeks)၊ Course (၃) ခုလုံး
တက်ရောက်သူများအား
Executive Certificate in Business Management
လက်မှတ် ချီးမြှင့်မည်။



Golden View Myanmar Travels & Tours

☆ တောင်ကြီး - အင်းလေး။ ☆ မန္တလေး - စစ်ကိုင်း - မြင်ဦးလွင်၊
☆ ပုဂံ - ညောင်ဦး - ပုပ္ပါး ☆ စစ်ကိုင်း - မုံရွာ - အလောင်းတော်ကဿပ
☆ ပြည် - အကောက်တောင် ☆ မော်လမြိုင် - ကျိုက္ခမီ - စက်စဲ
☆ ကျိုက်ထီးရိုး။ ☆ ကရင်ပြည်နယ် - ဘုရင့်ညီဂူ - ရေပူစမ်း

3*Hotels, Scania Express Meals , Guide
} နေ့ချင်းပြန်

၂/၄၊ ခေမာလမ်း၊ လှည်းတန်း၊ စိန်ဗဟာအနီး၊ ကမာရွတ်၊ ၂၈၊ ပထပ်၊ ၇-လမ်း၊ လမ်းမတော်
Call-Ph:09450011107, 09795739610



အခြေခံ ဆရာဦးသိန်းဝင်း
# ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်

(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဧယျာကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း) ၊ တာမွေ

ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀



ရှာပါ ဖွေပါ findmyanmar
Find
www.findmyanmar.com
Golden Hexagon Media Group
Call Us : 01 - 2384318 , 09 - 43185047



မဟာရေကုမ္ပဏီလီမိတက်

Sand filter
Carbon filter
Birm filter
Resin filter များဖြင့် ရေတွင်းပါဝင်သော အနည်၊ အရောင်၊ အနံ့၊ သံဓာတ်၊ ထုံးဓာတ်များကို ဖယ်ရှားပေးပါသည်။




၇၅ ဂါလံ = 210000 Now = 189000
၇၅ ဂါလံ = 240000 Now = 216000
၂၀၀ ဂါလံ - 380000 Now = 342000
၄၀၀ ဂါလံ - 680000 Now = 612000

ရန်ကုန် အမှတ် (၉၅)၊ ရွှေတောင်တန်းလမ်း(အလယ်ဘလောက်)လမ်းမတော်မြို့နယ်ရန်ကုန်မြို့၊ဖုန်း-၀၉-၇၃၁၇၆၆၀၀၊ ၀၉-၇၃၇၆၆၆၀၃ ၊၀၉-၅၁၇၆၃၄၅
မန္တလေး မ၂/၅ ၆၃-လမ်း ၄၃-လမ်းနှင့်သိပ္ပံလမ်းကြား၊ မဟာအောင်မြေမြို့နယ်၊မန္တလေး၊ဖုန်း -၀၉ ၄၃၁ ၂၇၈၉၉ ၊၀၉ ၄၀ ၂၇၀၀၀၉၈ ၊၀၉- ၂၅၀၀ ၂၇ ၂၉၁



အောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဗိသုကာပညာလေ့လာနေသူများ ကုန်ပစ္စည်းတင်သွင်းသူများ၊ ကိုယ်ပိုင်အိမ်အလှဆင်လိုသူများရဲ့ အားပေးမှုဖြင့် ဝိုင်ဝိုင်ညည်စုံအောင် ကြိုးစားထားတဲ့ Myanmar Home & Decor Magazine
(Volume-4,Issue 1)




ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်ရှိ City Mart, Ocean ဆိုင်ခွဲများနှင့် အခြားစာအုပ်ဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ပြီ

ဖြန့်ချိ - Eternity Publishing & Advertising
(09 731 21957, 09 3068 6066)

ကြော်ငြာ

FIRST CHOICE travel and tour
JAPAN
10 Days 9 Nights
Early Bird Discount
Group Discount
USD 3333
Tokyo - Kamakura - Mt. Fuji - Kyoto - Nara - Osaka
ထိုင်းဝမ် (၅ည၆ရက်)
ဒီယက်နမ် (၅ည၆ရက်)
ကမ္ဘောဒီးယား + ဒီယက်နမ် (၆ည၇ရက်)
09 421069966 - 09 73059081

THE BEST SERVICE PROVIDER
GO & GO Travels and Tours
- အင်္ဂလန် - ကိုရီးယား
- အမေရိကား - ဂျပန်
- ဩစတြေးလျ
- ဟောင်ကောင်-မကာအို-ဘန်ကောက်
- စင်္ကာပူ-အင်ဒိုနီးရှား (ဘာလီ)-မလေးရှား
ဥရောပ နိုင်ငံခရီးစဉ် များ
- ပြင်သစ်-ဘယ်ဂျီယံ-ဟော်လန်-ဂျာမဏီ-ဆွစ်ဇာလန်-အီတလီ
- ဂျာမဏီ-ပိုလန်-စလိုဗက်ကီးယား-ဟန်ဂေရီ-ဩစတြီးယား-ချက်
ဗုဒ္ဓဂါယာ
အာမန်းခြေ ခရီးစဉ်များ
Contact : 09-252586021, 09-261066443
09-5154804, 01-292465, 02-72553

Fully Light Travels & Tours Co.,LTD.
B-801, Dangon Center I,Bargarya Road ,Myaynigone.
သင်္ကြန်အတွက်ကျန်ရှိသောခရီးစဉ်များ
- ဂျပန်ခရီးစဉ် 12.April
- ဗီယက်နမ်ခရီးစဉ် 14.April
- ကိုရီးယားခရီးစဉ် 11.April
- တရုတ်ပြည် (ပီကင်း၊နန်ကျင်း၊ဝူစည်၊ ဟန်ကျိုး၊ရှန်ဟဲ) ခရီးစဉ် 12.April
- ဟောင်ကောင် (မကာအို၊စိမ်းကျိတ်၊ကွမ်ကျိုး၊ကျူဟိုင်) 09April,11April
မော်(လ်)ဒိုက် ခရီးစဉ်ကို (၂)ဦးမှစ၍ ကြိုက်နှစ်သက်ရာရက်တွင် စီစဉ်ပေးနေပါပြီ
Tel:01-503815,01-516932,01-516964,01-516985
09-33377782,09-33377783,09-33377786,09-421013085

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)-ဒေါ်ညွှန့်တင်(ခ)ဒေါ်နွယ်နွယ်(အင်ဂျင်နီယာမှူး-ငြိမ်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏တစ်ဦးတည်းသောသား

**ဒေါက်တာအေးကိုဇင်**

**M.B.,B.S (Ygn)**

**လက်ထောက်ဆရာဝန်**

**အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာမြတ်ကျော်(ရုံးအဖွဲ့မှူး-ငြိမ်း၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)-ဒေါက်တာမြင့်မြင့်မေတို့၏ သမီးလတ်

**ဒေါက်တာဆုမွန်ချယ်**

**M.B.,B.S(Ygn),MPH (Ygn)**

**မြို့နယ်ကျန်းမာရေးအရာရှိ(တိုင်း)**

**တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး**

တို့၏ ၁၇-၂-၂၀၁၅ရက်တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋကကျောင်းတော်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကပ်အလှူပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁-၃-၂၀၁၅ ရက်တွင် Sedoan Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ကြွရောက်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဇနီး ဒေါ်အေးအေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်နှင့် ဇနီးဒေါ်နုနုဆွေ၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းပေးပါသော ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် ဇနီးပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းမြ၊ ကြွရောက်ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီးဒေါ်နန်းဖြူဖြူအေး၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ဦးရဲမြင့်နှင့်ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗိုလ်ချုပ်အေးကျော်၏ဇနီး ဒေါ်ခင်လှမူ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး (ငြိမ်း) ဦးဌေးဦးနှင့်ဇနီးဒေါ်နီနီဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး(ငြိမ်း) ဦးမောင်မောင်သိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၏ဇနီး ဒေါ်နန္ဒာမွန်း၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဆရာသမားများ၊ FAO နှင့် INGO မှမိတ်ဆွေများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများ၊ အပတ်စဉ်(၄၃)မှ သူငယ်ချင်းများ၊ အထူးကုဆရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မွေးမြူရေးအဖွဲ့ချုပ်မှ မိတ်ဆွေများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းပေးပို့ကြပါသော ဆရာသမားများနှင့်မိတ်ဆွေများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော တေးသံရှင် အကယ်ဒမီဒေါ်ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မနှင်းဟေမာန်၊ မင်္ဂလာပန်းကိုင် ဒေါက်တာလဲ့လဲ့အေးသောင်၊ မင်္ဂလာလက်စွပ်နှင့်ဆွဲကြိုးဗန်းကိုင်ဆောင်ပေးပါသော မစိုးစန္ဒီ၊ သတို့သားအရံ ဒေါက်တာဟိန်းထူးနှင့် ဒေါက်တာပြည်သစ်နိုင်၊ သတို့သမီးအရံ မရွှေမေကျော်၊ မမေချိုသဲတို့အားလည်းကောင်း၊ အခမ်းအနားအောင်မြင်ပြီးမြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာအေးကိုဇင်-ဒေါက်တာဆုမွန်ချယ်**

Pre-school

Emotional Development(EQ) Intellectual Development(IQ) Moral Development Physical Development Social Development
www.getc-languageschool.com

Summer English Program for Young Learners
Ages (6-14)

GETC
building a better future
9th March to 29th May
ENGLISH 4-SKILLS
CAMBRIDGE EXAM PREPARATION

ဈေးအသက်သာဆုံး
ဆောက်လုပ်ရေးလုပ်ငန်းသုံး
ရရှိနိုင်သော sizeများ
8′ x 4′ x 4.5mm
8′ x 4′ x 6 mm
8′ x 4′ x 8 mm
SKY BOARD
ရေစိုခံ ဘုတ်ပြား ရပြီ။
အားသာချက်များ
1. ရေစိုခံခြင်း
2. သံချိတ်ခံခြင်း
3. အပူဓာတ်ကာကွယ်နိုင်ခြင်း
4. နှစ်ရှည်သုံးစွဲနိုင်ခြင်း
5. အတွင်း/အပြင်နံရံအဖြစ်ကာနိုင်ခြင်း
6. မျက်နှာကြက်အဖြစ်သုံးနိုင်ခြင်း
HEIN ENGINEERING CO.,LTD.
HEAD OFFICE - No. 12, Marlar Myaing Street, Yankin Township, Yangon, Myanmar.
Tel : 95-09-49306330, 09-73153506, 01-549516, 546517, 8603596, 8603597.

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

Always Myanmar
0973133488,09795670238

ဟိုက်ဘြောလစ်/လေဖိအား
Full Auto
PH:09 731 99 410
09420035882, 73199257

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)
01-394727, 01-399426 09-73009994-

> တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။
>
> (Eiiawmorw\ 2014 cEp! Zviv 3 &uae a&' , rece;r aumuEwcu)

**ယနေ့ မာတိကာ**

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား သထုံမြို့နယ်၌ ကျင်းပ - စာမျက်နှာ - ၇

အာဆင်နယ် ယခုနှစ် ပရီမီယာလိဂ်ဖလား ရရှိရန် မဖြစ်နိုင်သေးဟု ဝင်းဂါးဆို - စာမျက်နှာ - ၁၃

အရှိန်ရလာသည့် အမှတ် - ၃ အကြီးစားစက်မှုလုပ်ငန်း၏ ပြုပြင်ပြောင်းလဲမှုများ - စာမျက်နှာ - ၁၆

လေယာဉ်ကွင်း ဖောက်လုပ်ရာ၌ ပါဝင်သွားခဲ့သော မြေယာများအတွက် လျော်ကြေးငွေပေးအပ် - စာမျက်နှာ - ၁၉

# တပေါင်းလပြည့်နေ့ နေပြည်တော်ရှိ စေတီပုထိုးများ၌ အထူးစည်ကားများပြား



ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၄**

ယနေ့သည် တပေါင်းလပြည့်နေ့ အခါသမယ ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ညနေပိုင်းတွင် ဘုရားရှင်အားရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အား ဆီမီးထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိတပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းခြင်း စသည်ဖြင့် ဒါန၊ သီလ ကုသိုလ်ပြုကြသူများ၊ ဝိပဿနာ ဘာဝနာပွားများကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုဇယဓာတ်ပေါင်းစုစေတီတော်နှင့် စေတီတော်ပရိဝုဏ်

စာမျက်နှာ ၁၀ ကော်လံ ၄ သို့

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဆက်လက်ယှဉ်ပြိုင်မည်

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို မတ် ၆၊ ၇၊ ၈ ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပွဲစဉ် (၉)တွင် အသင်းကြီးများဖြစ်သည့် ရေနဝတီနှင့် ကမ္ဘောဇ၊ ရန်ကုန်နှင့် ဇေယျာရွှေမြေ အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၉)အဖြစ် မတ် ၆ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရတနာပုံ၊ မတ် ၇ ရက်တွင် ကျောက် တိုင်ကွင်း၌ ရေနဝတီနှင့် ကမ္ဘောဇ၊ သုဝဏ္ဏကွင်း၌ မနောမြေနှင့် မကွေး၊ မတ် ၈ ရက်တွင် YUSC ကွင်း၌ ရန်ကုန်နှင့် ဇေယျာရွှေမြေ၊ အောင်ဆန်းကွင်း၌ ဟံသာဝတီနှင့် ရခိုင်၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၈)အပြီးတွင် ရန်ကုန်အသင်းက ရှစ်ပွဲကစား ၂၄ မှတ်ဖြင့် ပွဲတိုင်းအနိုင်ရရှိကာ ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။ ရေနဝတီအသင်းက ခုနစ်ပွဲကစား ၁၉ မှတ်၊ မကွေးနှင့် ကမ္ဘောဇအသင်းတို့က ရှစ်ပွဲကစား ၁၅ မှတ်စီ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ ချင်းယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ခြောက်မှတ်၊ ဟံသာဝတီ၊

စာမျက်နှာ ၈ ကော်လံ ၄ သို့



ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ ၂၀၁၄ ရာသီက တွေ့ဆုံခဲ့စဉ်။

